ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လကွယ်၊ တနင်္လာနေ့၊ (6-6-2005)(၄၆၁၈)

ခေတ်မီပုဂ္ဂလိက စက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေး

ဖွဲ့စည်းတည်ဆောက်ပြီးဖြစ်သည့်စက်မှုဇုန်များအနက် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်တို့၌ ခေတ်မီပုဂ္ဂလိကသံရည်ကျို၊ စက်ခုတ်စား၊ ပုံဖိပုံထောင်း စက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အပိုင်းက နိုင်ငံခြားသုံးငွေ မ,တည်ကူညီ ဖြည့်ဆည်းခြင်းအပါအဝင် လိုအပ်သည့် အားပေးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိ။

ရှမ်းပြည်နယ်ရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရည်အသွေးအဆင့်အတန်းရှိရှိ တိုးတက်စေချင် ဒေသခံစက်မှုလုပ်ငန်းရှင်များက မိမိတို့၏ စက်မှုလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးရန် ပြည်တွင်းပြည်ပဈေးကွက်နှင့် ကျယ်ကျယ်ပြန့်ပြန့်ဆက်မိအောင် ကြိုးပမ်းအားထုတ်စေလို

ရန်ကုန် ဇွန် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟဲဟိုးလေဆိပ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူး လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သော တောင်ပေါ်သားစပါးခြွေလှေ့စက်နှင့် တောင်ပေါ်ကျွဲ လက်တွန်းထွန်စက်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆–၆–၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိပါဝင်ဆောင်ရွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တက်ကြွစွာကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၄/၂၀၀၅)ကို ဇွန်လ ၄ ရက်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် **"မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် စည်းရုံးရေး၊ လေ့ကျင့်ပညာပေးရေး၊ စီးပွားရေး၊ သက်သာချောင်ချိရေးကိစ္စများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် စစ်မှုထမ်းဟောင်း စံပြကျေးရွာ တည်ဆောက်နေမှု၊ စာသင်ကျောင်း တည်ဆောက်နေမှု၊ စက်ရေတွင်းများ တူးဖော်ပေးနေမှု၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာလမ်းများမှ အဝေးပြေးလမ်းမကြီးနှင့် ဆက်စပ်ဖော်ထုတ်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ဖိဖိစီးစီး အောင်မြင်အောင် ဆောင်ရွက်သွားကြရန်"** အကျယ်တဝင့် ပြောကြားသွားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ကျစ်လျစ်ခိုင်မာသော နိုင်ငံတော်၏ ကာကွယ်ရေး အရန်အင်အားစုကြီးအဖြစ် ရပ်တည်နိုင်ရန်နှင့် ဂုဏ်သိက္ခာမြင့်မားသော စစ်မှုထမ်းဟောင်းအဖွဲ့ကြီး ဖြစ်ပေါ်လာရေးဟူသော ရည်မှန်းချက်၊ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယကကြီး၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ဆက်လက်၍ ၁၉၉၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ပြည်နယ်၊ တိုင်းကြီးကြပ်ရေး ကော်မတီ ၁၇ ဖွဲ့၊ ခရိုင်ကြီးကြပ်ရေး ကော်မတီ ၆၄ ဖွဲ့နှင့် မြို့နယ်စည်းရုံးရေးအဖွဲ့ ၃၁၃ ဖွဲ့တို့ကို စစ်မှုထမ်းဟောင်း အင်အား ၉၁၁၇၂ ဦးဖြင့် စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့သည်။

ယခုအခါတွင် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) အစည်းအဝေးများကို ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ကျင်းပလျက်ရှိပြီး အဆိုပါအစည်းအဝေးများတွင် လုပ်ငန်းကဏ္ဍကြီးငါးရပ်ဖြစ်သည့် အမျိုးသားနိုင်ငံရေးကဏ္ဍ၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍအသီးသီးတို့ကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းကာ သဘောတူညီချက်များ ရယူခဲ့ကြသည်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ကာကွယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်စသည့် ကောင်းမြတ်သော အစဉ်အလာရှိပြီးကြသူများ ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိ ပါဝင်ဆောင်ရွက်ရင်း နိုင်ငံတော် အကျိုးပြုတည်ဆောက်ရေးလုပ်ငန်းများ၌ ဆက်လက်၍ တက်ကြွစွာ ပါဝင်ကြိုးပမ်းဖော်ဆောင်သွားကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။



၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကား ပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်အားပေး

ရန်ကုန် ဇွန် ၅

၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက် အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ တပ်နယ်မှူးများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြမှူးက ပြိုင်ပွဲဝင် အားကစားသမားများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တန်းအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဦးတည်ချက် (၁၂) ရပ်အနက် လူမှုရေးဦးတည်ချက် (၄)ရပ်တွင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး" ဆိုတဲ့ ဦးတည်ချက် တစ်ရပ်ကို ထည့်သွင်းဖော်ပြထားကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရက "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" ဆိုသည့် အားကစားရည်မှန်းချက်ကို ချမှတ်ပြီး အားကစားကဏ္ဍကို အင်တိုက် အားတိုက် မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားကစားအဆင့်အတန်း တိုးတက်မြင့်မား အောင်မြင်ခြင်းသည် နိုင်ငံတော်၏ အဆင့်အတန်းကို ဖော်ညွှန်းပြသနိုင်တာကြောင့် မိမိတို့နိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

နိုင်ငံတကာ၏ အားကစားနည်းအလိုက် တိုးတက်ပြောင်းလဲမှုတွေကို မျက်ခြည်မပြတ် လေ့လာပြီး ကမ္ဘာ့အဆင့်မီ သုတေသနလုပ်ငန်းများ၊ ခေတ်မီတိုးတက်သော အားကစားနည်းစနစ်များ၊ အထောက်အကူပစ္စည်းများနှင့် အားကစား အဆောက်အအုံများကို စီမံတည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ၊မြန်မာနိုင်ငံအိုလံပစ် ကော်မတီနှင့် မြန်မာ့အားကစားနှင့် ကာယပညာကော်မတီနှင့် အားကစားနည်းအလိုက် အဖွဲ့ချုပ်များ ဖွဲ့စည်းပေးပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အားကစား ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး အားကစား အတွေ့အကြုံများကို ရယူစေခဲ့ကြောင်း။

ထပ်မံရရှိ

မိမိတို့ နိုင်ငံအနေဖြင့် ၁၉၅၉ ခုနှစ်ကစပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှာ ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ၌ နိုင်ငံအလိုက် ပထမရရှိခဲ့ပြီး ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲမှာလည်း ဆုတံဆိပ်တွေ အများဆုံးဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် ပထမဆုကို ထပ်မံရရှိခဲ့ကြောင်း။

ထိုကာလများမှာ မြန်မာဘောလုံးအသင်းသည် အရှေ့တောင်အာရှမှာ သာမက အာရှတိုက်မှာပါ ရွှေတံဆိပ်ဆွတ်ခူး နိုင်ခဲ့တာကြောင့် မြန်မာ့ဘောလုံးရွှေခေတ်လို့ ပြောနိုင်တဲ့ကာလဖြစ်ကြောင်း၊ မြန်မာ့ဘောလုံးလောက၏ ရွှေခေတ်ကို ထူထောင်နိုင်ခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် တပ်ရင်း၊ တပ်ဖွဲ့၊ တိုင်း၊ တပ်မ ပြိုင်ပွဲတွေကတစ်ဆင့် တပ်မတော်(ကြည်း၊ရေ၊လေ) ပြိုင်ပွဲတွေမှာ ခြေစွမ်းပြပြီး မြန်မာ့လက်ရွေးစင်အဖြစ် တက်လှမ်းနိုင်ခဲ့သည့် တပ်မတော်သား ဘောလုံးအားကစားသမားတွေ အများအပြား ပါဝင်ခဲ့ကြကြောင်း။

ရန်ကုန်တိုင်း စစ်ဌာနချုပ် လူငယ်ဘောလုံးအသင်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၃ ခုနှစ်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ဆုကြီးကို ဆွတ်ခူးပြီး ပထမရဗိုလ်စွဲခဲ့ကြောင်း၊ အကြီးတန်းဘောလုံးအသင်းဆိုလျှင်လည်း ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်၊ ၂၀၀၄ ခုနှစ် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲအနိုင်ရခဲ့သဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက် ဒိုင်းဆုကြီးကို အပိုင်ဆွတ်ခူးရရှိခဲ့ပြီး ဖြစ်ကြောင်း။

ထို့ကြောင့် နောင်တော် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအားကစားသမားတွေ စံနမူနာယူပြီး တိုင်းလက်ရွေးစင် အားကစားသမားများအဖြစ် ရွေးချယ်ခံရအောင် ကြိုးစားယှဉ်ပြိုင်သွားကြဖို့ တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော် ဘောလုံးအားကစားနည်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ တပ်မတော်သားများ ဘောလုံးအားကစားနည်းကို ကျယ်ပြန့်စွာ ကစားခြင်းဖြင့် စစ်မြေပြင် ကြံ့ခိုင်မှုကို အထောက်အကူပြုစေရေး၊ တပ်မတော် လက်ရွေးစင်ဘောလုံးအသင်းမှာ သွေးသစ်လောင်းနိုင်မယ့်ဘောလုံးအားကစားသမား မျိုးဆက်သစ်များ မွေးထုတ်နိုင်ရေး၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်များအဖြစ် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲတွေမှာ ပါဝင်ကစားခွင့်ရရှိပြီး စွမ်းရည်တိုးတက်လာသည်နှင့်အမျှ မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများအဖြစ် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်ကြစေရေး ဆိုသည့် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဒိုင်းဘောလုံးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း။

ရန်ကုန်တိုင်း စစ်ဌာနချုပ် လက်ရွေးစင် အားကစားသမားမှသည် တပ်မတော် လက်ရွေးစင်နှင့် နိုင်ငံ့လက်ရွေးစင် ဘောလုံး အားကစားသမားများ ဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ချီတက်အလေးပြု

ယင်းနောက် စစ်ရေးပြမှူး ဦးဆောင်၍ ပြိုင်ပွဲဝင် အားကစားသမားများက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင် ဘောလုံးအသင်း နှစ်သင်း၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၁သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

အမှတ် ၁၃/၃ခ ငွေကြာရံရိပ်သာနေ ဒေါ်ခင်ဆွေဝင်းက ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ် တစ်သိန်း လှူဒါန်းရာ ပြန်ကြားရေးအဖွဲ့မှ ဦးကြည်သိန်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးလုပ်ငန်းခွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ကြည့်ရှု

ရန်ကုန် ဇွန် ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၂ရက် နံနက်ပိုင်းက နောင်ချိုမြို့နယ် ဒုဋ္ဌဝတီတံတား (နောင်ချို) တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းနှင့်တာဝန်ရှိသူများက တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝက်ဝံတောင်ခမ်းလမ်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာရှိ တောင်သူဦးတင်ငွေနှင့် ဦးအာလောကတို့၏ ဆင်းရွှေလီ အထူးအထွက်ကောင်း နွေစပါးစံပြ ၁၀ ဧက စိုက်ခင်းနှင့် ဆင်းရွှေလီမွှေး ငါးဧကစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်စခန်းရုံးမိသားစုများ၏ မိုးသီးနှံစံပြ ပဲပုပ်၊ နေကြာ၊ ပြောင်း ဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဇွန် ၅

တနင်္သာရီတိုင်း မြိတ်မြို့နယ် စန္ဒဝတ် ကျေးရွာအုပ်စုရှိ ရွှေပေးကျေးရွာ၊ ကျွဲကူး ကျေးရွာ၊ ရွှေဒူးကျေးရွာ၊ ကွမ်းသီးချောင်း ကျေးရွာနှင့် စန္ဒဝတ်ကျေးရွာ စုစုပေါင်း ကျေးရွာ ငါးရွာတို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများကို မေ ၂၄ရက် တွင် ကျင်းပသည်။

ရှေးဦးစွာ ရွှေပေးကျေးရွာ "အလင်းရွာ" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို နံနက် ၈နာရီတွင် အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်နှင့် စန္ဒဝတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးအကြောင်းများကို ဟောပြောသည်။

ထို့နောက် ဦးအင်ဟိုနှင့် ဦးအောင်သန်းက ကျေးရွာစာကြည့်တိုက်အတွက် တန်ဖိုးငွေကျပ် တစ်သိန်းနှစ်သောင်းရှိ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်ကိုလည်းကောင်း၊ စေတနာရှင်ငါးဦးက သုတ/ရသ စာအုပ်စာတမ်းအုပ် ၂၀၀ နှင့် စာကြည့်တိုက် ရန်ပုံငွေကျပ် ၂၂၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလှဝင်းတို့က လက်ခံကြသည်။

ဆက်လက်၍ ကျွဲကူးကျေးရွာ အဏ္ဏဝါရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ယင်းစာကြည့်တိုက် အဆောက်အအုံ၌လည်းကောင်း၊ ရွှေဒူးကျေးရွာ ရွှေဇင်ယော် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရွှေဒူးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ စန္ဒဝတ်ကျေးရွာအုပ်စုရှိ ကွမ်းသီးချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် စန္ဒဝတ်ကျေးရွာ အရုဏ်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများကို အဆိုပါ စာကြည့်တိုက် အဆောက်အအုံများ၌ လည်းကောင်း ဆက်လက်ကျင်းပကြသည်။ (သတင်းစဉ်)

တိပိဋက ဓမ္မရက္ခိတအဖွဲ့မှ ကျင်းပသော (၅၇)ကြိမ်မြောက် တိပိဋက စာအောင်သံဃာတော်များ ချီးကျူးပူဇော်ပွဲနှင့် အလှူရှင်များ၏ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၅

(၅၇)ကြိမ်မြောက် တိပိဋကဓရ စာအောင်သံဃာတော်များ ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အလှူရှင်များ၏ ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ၊ တိပိဋက ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီး ရှစ်ပါးနှင့် စာအောင် သံဃာတော်အရှင်သူမြတ် ၃၄ပါးတို့ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာန တိပိဋကဓမ္မရက္ခိတ အမှုဆောင် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ တိပိဋက ဓမ္မရက္ခိတအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်တင့်က ပူဇော်မင်္ဂလာကျင်းပခြင်း အကြောင်း လျှောက်ထားသည်။

ထို့နောက် စာရေးဆရာမ ရွှေကူ-နန်းနွဲ့နွဲ့နှင့် အဆိုတော် ဒေါ်ခိုင်ဝါတို့က တေးထပ်နှင့် ပိုဒ်စုံရတုတို့ဖြင့် ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ပင့်သံဃာတော်များနှင့် တိပိဋက စာအောင်သံဃာတော်များအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှူးပြု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တက်ရောက်ကြည်ညို

(၅၇)ကြိမ်မြောက် တိပိဋကဓရ စာအောင်သံဃာတော်များ ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အလှူရှင်များ၏ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

တရုတ် ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် "ကူမင်းကုန်စည်ပြပွဲ-၂၀၀၅"သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များ ဆွေးနွေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ "ကူမင်းကုန်စည်ပြပွဲ-၂၀၀၅"သို့ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပမည့် "ကူမင်းကုန်စည်ပြပွဲ-၂၀၀၅"သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆွေးနွေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E . Mr. Li. Jinjun နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးနှင့် ဦးစီးအရာရှိ ဒေါ်မေသက်ဝင်းတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သမ္ဗုဒ္ဓေစေတီနှင့်ကျောက္ကာရွှေဂူနီ
၇း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၅	လျှို့ဝှက်သောနှင်းတေးသံစဉ်နှင့်ပုံရိပ်များ
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	ဗီစီဒီလှိုင်းခတ်သံ(ခိုင်ထူး Best-2)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	ပိုက်ဆက်အတတ်ပညာ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	မွန်ရိုးရာဝတ်စားဆင်ယင်မှု
၉း၃၅	မြွေပွေးအန္တရာယ်ကာကွယ်ရေး
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မေ့ထားလို့တော့မဖြစ်ဘူး
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ယူကရိန်းဒုံးပျံစက်ရုံသို့ အိန္ဒိယသမ္မတ အလည်အပတ်ရောက် အာကာသသုတေသနကုမ္ပဏီမှ သိပ္ပံပညာရှင်များနှင့် တွေ့ဆုံ

ဒနီပရိုပီထရိုဗက်(ယူကရိန်း) ဇွန် ၅

အိန္ဒိယနိုင်ငံ၏ ဒုံးပျံပါရဂူအဖြစ်သိရှိခံရသူ သမ္မတ အဗ္ဗဒူလ်ခါလမ်သည် ယူကရိန်းနိုင်ငံရှိ အာကာသဒုံးပျံများ ထုတ်လုပ်ရာစက်ရုံသို့ သောကြာနေ့က အလည်အပတ်ရောက်ရှိလာကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတအဗ္ဗဒူလ်ခါလမ်သည် နိုင်ငံလေးနိုင်ငံသို့ ၁၄ ရက်ကြာသွားရောက်သည့် ၎င်း၏ခရီးစဉ် အဆုံးမသတ်မီ တစ်ရက်အလိုတွင် ယူကရိန်းနိုင်ငံ ဒနီပရိုပီထရိုဗက်မြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာရာ အုပ်ချုပ်ရေးမှူးနှင့် မြို့တော်ဝန်တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ အဆိုပါမြို့သည် ကိယက်ဗ်မြို့မှ ကီလိုမီတာ ၅၀၀ အကွာတွင် တည်ရှိသည်။

သမ္မတခါလမ်သည် သုတေသနလုပ်ငန်း ကုမ္ပဏီဖြစ်သော ယူဇနိုယီကုမ္ပဏီသို့ သွားရောက်ခဲ့ပြီး သိပ္ပံပညာရှင်များနှင့် တွေ့ဆုံခဲ့သည်။ ခါလမ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အိန္ဒိယအာကာသသုတေသနအဖွဲ့ဥက္ကဋ္ဌ မဟာဗန်နီယာ အပါအဝင် အထက်တန်းသိပ္ပံပညာရှင် အများအပြား ပါဝင်သည်။ ယူဇနိုယီကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် ၎င်းတို့၏ သိပ္ပံစီမံကိန်းသစ်များနှင့် ပတ်သက်၍ သမ္မတခါလမ်အား ရှင်းလင်းပြောဆိုခဲ့ကြသည်။

ယူဇနိုယီကုမ္ပဏီကို ၁၉၅၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဒုံးပျံနည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ထင်ပေါ်ကျော်ကြားသော အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ရောက်ရှိလာသည်။

ယူဇနိုယီကုမ္ပဏီတွင် သိပ္ပံပညာရှင်နှင့် ကျွမ်းကျင်သူပညာရှင် ၅၀၀၀ ရှိပြီး ယခုလောလောဆယ်တွင် ဂြိုဟ်တုများ၊ ဒုံးပျံလောင်ချာနှင့် ဒုံးပျံယာဉ်တို့ကို တည်ဆောက်လျက်ရှိသည်။

အမ်အင်အေ၊ပီတီအိုင်။

နိုင်ငံခြားသတင်းများ

လုံခြုံရေးစောင့်ကြပ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာ၌ အီရတ်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်သမားများအား ကူညီသည်ဆိုမှု ဆီးရီးယားငြင်းဆို အိမ်နီးချင်း အီရတ်နိုင်ငံအတွက် စိုးရိမ်ပူပန်ကြောင်းပြောကြား

ဒမတ်စကတ် ဇွန် ၄

ဆီးရီးယားအစိုးရက တွန်းလှန်တိုက်ခိုက်ရေးသမားများအား အီရတ်နိုင်ငံအတွင်း ဝင်ရောက်ရန် အကူအညီပေးနေသည်ဆိုသော ပြောကြားချက်ကို ဆီးရီးယားကာကွယ်ရေးဝန်ကြီး ဟက်ဆန်တာစ်မင်နီက ငြင်းဆိုလိုက်ပြီး အိမ်နီးချင်း အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း ပြောကြားသည်။

တိုက်တွန်း

ဆီးရီးယားနိုင်ငံက အီရတ်နိုင်ငံအတွင်းသို့ အကြမ်းဖက်သမားများဝင်ရောက်နေမှုကို အဆုံးသတ်ရေးအတွက် ကူညီပံ့ပိုးပါရန် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇီဘာရီက ဆီးရီးယားအစိုးရထံ အင်္ဂါနေ့ စောစောပိုင်းက တိုက်တွန်းပြောကြားခဲ့သည်။

လိုက်နာ

အကြမ်းဖက်သမားများ အီရတ်နိုင်ငံအတွင်းဝင်ရောက်နေမှု တားဆီးပေးရန်၊ ၎င်းတို့အီရတ်မှ ထွက်ခွာရန်နှင့် ၎င်းတို့အား ငွေကြေး လက်နက်ထောက်ပံ့ပေးနေမှုရပ်ဆိုင်းစေမည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်တွင် ပါဝင်သည့် စည်းကမ်းချက်များအား အိမ်နီးချင်းနိုင်ငံများက လိုက်နာကြရန် အီရတ်အစိုးရက ထပ်ခါတလဲလဲ တိုက်တွန်းခဲ့သည်ဟု ဇီဘာရီက ပြောကြားကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြသည့် စာလွှာစာတမ်းတွင် ပါရှိသည်။

ဆီးရီးယားနိုင်ငံမှတစ်ဆင့် အီရတ်အတွင်း ဝင်ရောက်လိုသည့် ပြည်ပတိုက်ခိုက်ရေးသမား တစ်ထောင်ကျော်အား ဆီးရီးယားအစိုးရက မဝင်နိုင်စေရန် ဆောင်ရွက်ခဲ့သည်ဟု မိမိတို့မကြာမီက လေ့လာသိရှိခဲ့ကြောင်း၊ ယင်းလုပ်ရပ်အား မိမိတို့ လက်ကမ်းကြိုဆိုပါကြောင်း၊ သို့ရာတွင် ဆီးရီးယားနိုင်ငံသည် ပြည်ပရောက် အကြမ်းဖက်သမားများနှင့် လွှန်ခဲ့သည့် အစိုးရဟောင်းမှ လက်ရင်းလက်ငုတ်များ ဝင်ရောက်ရာ အဓိက ကြားစခန်းတစ်ခုဖြစ်နေကြကြောင်း၊ မိမိတို့ ကိုင်စွဲထားသည့် သဘောထားအမြင်အား အတည်ပြုထားရာရောက်နေသည်ဟု မိမိတို့ သတိပြုမိကြောင်းဖြင့် ဇီဘာရီက ပြောကြားသည်။

မှားယွင်း

ရန်သူများက သွေးထိုးလှုံ့ဆော်သည့် မှားယွင်းသော စွပ်စွဲချက်များ ရှိနေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းစွပ်စွဲချက်များနှင့် စပ်လျဉ်း၍ သက်သေ အထောက်အထားမရှိကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ အီရတ်နိုင်ငံ သိမ်းပိုက်ထားမှု အဆုံးသတ်ရေးကိစ္စအား မိမိတို့အစိုးရက လိုလိုလားလားရှိနေပြီး အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် ညီညွတ်ရေးအပေါ် စိုးရိမ်မကင်းဖြစ်နေကြောင်း ကာကွယ်ရေးဝန်ကြီး တာစ်မင်နီက ထပ်လောင်းပြောကြားသည်။

ရန်သူက ဖြန့်ပေးသည့် ယင်းကဲ့သို့သော စွပ်စွဲချက်များတွင် အထောက်အထားများမရှိကြောင်း၊ ယင်းစွပ်စွဲချက်အရ အီရတ်-ဆီးရီးယား နယ်စပ်မှ စိမ့်ဝင်နေသူများအား ဆီးရီးယားအစိုးရက ကူညီနေသည်ဟု ဖော်ပြထားကြောင်း ဆီးရီးယား အစိုးရ အာဘော်သတင်းဌာနက ကာကွယ်ရေးဝန်ကြီးအား ကိုးကား၍ ဖော်ပြသည်။

အင်တာနက်။

ပျက်စီး

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမ်မာရီယာဒေသတွင် ဗုံးပေါက်ကွဲမှုကြောင့် မော်တော်ကားများ ပျက်စီးနေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ဆေးရေးဂိတ်တွင် ကားဗုံးခွဲတိုက်ခိုက်

တီကရစ် ဇွန် ၄

အီရတ်နိုင်ငံ တီကရစ်မြို့အနီး အီရတ်တပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်ရှိရာနေရာတွင် ယမန်နေ့က ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်အတွက် အရပ်သားသုံးဦး အပါအဝင် လူ ၁၀ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ ဆိုင်ရာများက ပြောကြားသည်။

ယခင် အီရတ်သမ္မတ ဆက်ဒမ်၏ သမ္မတနန်းတော်ရှိရာ မြောက်ဘက်ဝင်ပေါက်၏ ဂိတ်ဝတွင် ဖွင့်ထားသော အီရတ်တပ်ဖွဲ့၏ စစ်ဆေးရေးစခန်းကို ကားဗုံးခွဲသူက ညနေ ၄ နာရီခန့်တွင် ဝင်ရောက် တိုက်ခိုက်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ ဆက်သွယ်ရေးရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆက်ဒမ်နန်းတော်ဟောင်းကို ယခုအခါ အမေရိကန်တပ်ဖွဲ့၏ စစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုထားသည်။ ထိုစခန်း၏ ဂိတ်ဝကို ဖောက်ခွဲတိုက်ခိုက်မှုတွင် စစ်ဘက်တပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် အရပ်သားသုံးဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့ခရီးသွားလုပ်ငန်း ၂၀၀၅ ခုနှစ်တွင် ဆက်လက်တိုးတက်မည်

မဒရစ် ဇွန် ၄

ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ၂၀၀၅ ခုနှစ်တွင် ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က ခန့်မှန်းထားသည်ကို ထိုအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဖရန်စစ္စကိုဖရန်ဂျီလီက ဇွန် ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပိုမိုတိုးတက်လာ

ကမ္ဘာ့လှည့်များ လာရောက်ရာဒေသ၏ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းများ စီမံခန့်ခွဲရေးခေါင်းစဉ်ဖြင့် အစည်းအဝေးတစ်ရပ်ကို ကျင်းပရာတွင် အဖွင့်မိန့်ခွန်းပြောကြားရာ၌ ဖရန်ဂျီလီက အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

တူရကီနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုနှစ် ပထမလေးလကာလအတွင်း ယခင်နှစ် အလားတူ ကာလကထက် ၂၅ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်ဟု ဆိုသည်။

လွန်ခဲ့သော ၂၀၀၄ ခုနှစ်က ကမ္ဘာ့ခရီးသွားဦးရေ စုစုပေါင်းသည် သန်း ၆၆၀ အထိရှိခဲ့ရာ ၂၀၀၃ ခုနှစ်က အခြေအနေထက် များစွာ ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၀၃ ခုနှစ်က ကမ္ဘာ့ခရီးသွားဦးရေ စုစုပေါင်းမှာ ၆၉ သန်းသာရှိသည်။

ယခု ၂၀၀၅ ခုနှစ်အကုန်တွင်ရှိမည့် ခရီးသွားလုပ်ငန်း၏ တိုးတက်မှုသည် ၂၀၀၄ ခုနှစ်ကထက် ပိုမိုတိုးတက်လာမည်မှန်သော်လည်း ၂၀၀၄ ခုနှစ်က လုပ်ငန်းတိုးတက်လာသော အခြေအနေကိုမီအောင် ပြောင်းလဲလာမည့် အခြေအနေမရှိဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တန်ဇန်းနီးယား-မိုဇမ်ဘစ် နှစ်နိုင်ငံနယ်စပ်တွင် တံတားစတင်တည်ဆောက်မည်

ဒါရက်ဆလမ် ဇွန် ၄

တန်ဇန်းနီးယားနှင့် မိုဇမ်ဘစ်နိုင်ငံတို့သည် နှစ်နိုင်ငံ နယ်ခြားဒေသတွင် အောက်တိုဘာလမှစ၍ တံတားတစ်စင်းကို ဆောက်သွားကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇွန် ၃ ရက်တွင် ပြောကြားကြသည်။

ရူဗူမြစ်ပေါ်တွင် ဖြတ်၍ တည်ဆောက်မည့် နှစ်နိုင်ငံမြစ်ကူးတံတားမှာ အရှည်မီတာ ၆၀၀ ရှိမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၃ သန်းကုန်ကျမည်ဖြစ်သည်။ အဆိုပါလိုအပ်သော ကုန်ကျငွေကို နှစ်နိုင်ငံအစိုးရတို့က မိမိတို့၏ ဘဏ္ဍာငွေမှ စိုက်ထုတ်ကျခံကြမည်ဖြစ်သည်ဟု ဆိုသည်။

ဆက်သွယ်

အဆိုပါတံတားသည် နှစ်နိုင်ငံနယ်မြေ တစ်ဖက်တစ်ချက်စီရှိ လမ်းအရှည် ငါးကီလိုမီတာရှည်လျားသော လမ်းများနှင့် ဆက်သွယ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

နယ်ခြားဒေသတွင် နှစ်နိုင်ငံတံတားထိုးနိုင်ရေး အတွေးအကြံမှာ ယခုမှစတင်ရရှိခဲ့သည့် အစီအစဉ်မဟုတ်ဘဲ ထိုစိတ်ကူးစိတ်သန်းကို ၁၉၇၅ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံ ခေါင်းဆောင်များဖြစ်ကြသော မဝါလီမူဂျူလီရပ်ညီရေးရေးနှင့် ဆာမိုအာမာချယ်တို့ လက်ထက်ကတည်းက စတင်လုပ်ကိုင်ရန် စဉ်းစားခဲ့သော အစီအစဉ်လည်းဖြစ်သည်။ သို့ရာတွင် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲရှိနေသည့်အတွက် အဆိုပါစိတ်ကူးစိတ်သန်းမှာ အကောင်အထည် ပေါ်မလာဘဲရှိခဲ့သည်။

အဆိုပါ တံတားတည်ဆောက်ရေးလုပ်ငန်းကို စတင်ကြသောအခါ တန်ဇန်းနီးယားသမ္မတ ဆင်ဂျမင်ဝီလီယံ မကာပါနှင့် မိုဇမ်ဘစ်သမ္မတ အမန်နီဂူဘူဇာတို့က အုတ်မြစ် စတင်ချပေးရာ၌ ပါဝင်တက်ရောက်ကြမည်ဟု မျှော်မှန်းထားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးစစ်တမ်းကောက်ယူမည်

ပေကျင်း ဇွန် ၄

တရုတ်နိုင်ငံသည် ဒုတိယအကြိမ် စိုက်ပျိုးရေးစစ်တမ်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ကောက်ယူမည်ဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ကြာသပတေးနေ့တွင် ကြေညာသည်။

စစ်တမ်းကောက်ယူရာတွင် အိမ်တွင်းစက်မှုလုပ်ငန်းများ၌ ပြည်သူများ ပါဝင်ဆောင်ရွက်မှု အခြေအနေ၊ ရွှေ့ပြောင်းအလုပ်သမားများစာရင်း၊ မြေယာသုံးစွဲမှု အခြေအနေ၊ ကျေးလက်နေပြည်သူအသိုင်းအဝိုင်း၏ပတ်ဝန်းကျင်အခြေအနေ၊ ကျေးရွာအုပ်ချုပ်ရေးကော်မတီဝင်များ၏ အခြေအနေ၊ ကျေးလက်ဒေသများတွင် ပုံသေပိုင်ဆိုင်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် တောင်သူများ၏ နေထိုင်မှုအဆင့်အတန်း စသည်တို့ ပါဝင်မည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ စုစုပေါင်း လယ်မြေဧက စာရင်းအတိအကျကို ရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။

မက်ခရို စီးပွားရေးမူဝါဒများ ချမှတ်ရာတွင် ဗဟိုအစိုးရကို စစ်တမ်း၏ ရလဒ်များက အထောက်အကူပြုမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ပထမအကြိမ် စိုက်ပျိုးရေးစစ်တမ်းကို ၁၉၉၇ ခုနှစ်က ကောက်ယူခဲ့သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား၏ ဆန်စပါးထုတ်လုပ်မှု ပြုလုံမှုရှိမည် ယခုနှစ်တွင် စပါးတန်ချိန် ၅၃သန်းကျော် ထွက်ရှိမည် ခန့်မှန်း

ဂျကာတာ ဇွန် ၄

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်ရာသီတွင် ပြည်တွင်း၌ ဆန်စပါးဖူလုံအောင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး အန်တုန်အာဖရီယန်တိုက ဇွန် ၂ရက်တွင် ပြောကြားသည်။

ယခုနှစ်တွင် ကျွန်ုပ်တို့ နိုင်ငံသည် ဆန်စပါးဖူလုံအောင် ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရေးအတွက် ပြည်ပမှ ဆန်စပါးဝယ်ယူတင်သွင်းရန် လိုအပ်မည်မဟုတ်ကြောင်း ဝန်ကြီး အန်တုန်၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဖူလုံ

အင်ဒိုနီးရှားဗဟိုစာရင်းအင်းဌာန (ဘီပီအက်စ်)၏ စာရင်းဇယားများတွင် ၁၉၈၄ ခုနှစ် ကတည်းမှစ၍ ပထမဦးဆုံး အကြိမ်အဖြစ် ဆန်စပါးဖူလုံမှုရရှိခဲ့ကြောင်း ဖော်ပြထားသည်။

တင်သွင်းခဲ့ရ

အင်ဒိုနီးရှားနိုင်ငံသည် နောက်ပိုင်းနှစ်များ၌ ဆန်စပါးများ ဆက်လက်တင်သွင်းခဲ့ရသည်။ ၁၉၉၈ ခုနှစ်က ဆန်တန်ချိန် ခြောက်သန်းအထိ အများဆုံးတင်သွင်းခဲ့ရသည်။ နောက်ပိုင်းတွင် တင်သွင်းရသော ပမာဏမှာ နှစ်စဉ်ပြန်လည်ကျဆင်းလာရာ တစ်နှစ်လျှင် ဆန်စပါးတန်ချိန် ၁ ဒသမ ၈ သန်းမှ တန်ချိန်နှစ်သန်းအထိ တင်သွင်းနေခဲ့ရကြောင်း သိရသည်။

အင်ဒိုနီးရှားသည် ဆန်တင်သွင်းမှုကို ယခင်နှစ်ကတည်းက ပိတ်ပင်ထားခဲ့သည်။ ထိုကန့်သတ်ချက်ကို ယခုနှစ် ဇန်နဝါရီလတွင် သက်တမ်းတိုးခဲ့ပြီး ဇွန်လအကုန်တွင် သက်တမ်းကုန်ဆုံးမည်ဟု ဆိုသည်။

နိုင်ငံကကန့်သတ်ထားသော ဆန်စပါးတင်ပို့မှုကို ဆက်လက် ကျင့်သုံး မသုံးဟူသောအချက်သည် နောက်ဆုံးရရှိသော ဆန်စပါးထုတ်လုပ်မှု စာရင်းဇယားများ အခြေအနေပေါ်တွင် မူတည်သည်ဟု အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး မာရီပန်ဂက်စကူးက ပြောကြားသည်။

ခန့်မှန်း

ဘီပီအက်စ်၏ ယခုနှစ်အတွက် ဆန်စပါးထုတ်လုပ်မှု ခန့်မှန်းချက်တွင် စပါးအထွက်သည် တန်ချိန် ၅၃ ဒသမ ၁၁ သန်းရှိမည်ဟု ဆိုသည်။ ထိုပမာဏသည် ယခင်နှစ် ဆန်စပါးအထွက်၏ ၁ ဒသမ ၈ ရာခိုင်နှုန်းပိုမို လျော့နည်းသည်။ ယမန်နှစ် ဆန်စပါးအထွက်သည် တန်ချိန် ၅၄ ဒသမ ၀၆ သန်း ရှိခဲ့သည်။

ထိုသို့ ဆန်စပါးအထွက်လျော့နည်းသွားရခြင်းမှာ စိုက်ပျိုးဧက လျော့နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း စာရင်းအင်းများက ဖော်ပြနေသည်။ ယခုနှစ်စပါး စိုက်ပျိုးသော ဧရိယာအကျယ်အဝန်းမှာ ဟက်တာ ၁၁ ဒသမ ၇ သန်းရှိပြီး ၂၀၀၄ ခုနှစ်က စပါးစိုက်ပျိုးသော ဧရိယာမှာ ဟက်တာ ၁၁ ဒသမ ၉ သန်း စိုက်ပျိုးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်၏ ပျော့ဖတ်ထုတ်လုပ်မှု ပြည်ပမှ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းရှာဖွေ

ဟနွိုင်း ဇွန် ၄

ဗီယက်နမ်နိုင်ငံ၏ ပျော့ဖတ် လုပ်ငန်းတွင် အပြည်ပြည်ဆိုင်ရာ စက္ကူလုပ်ငန်း ကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သွားနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေနေကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ထုတ်လုပ်

အပြည်ပြည်ဆိုင်ရာ စက္ကူလုပ်ငန်း ကုမ္ပဏီသည် စက္ကူ၊ ထုပ်ပိုးပစ္စည်းနှင့် သစ် အခြေခံ ကုန်ပစ္စည်းများ ထုတ်လုပ်သော အမေရိကန်အခြေစိုက် ကမ္ဘာ့အဆင့်မီကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

ထိုကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေ ရှိ၊ မရှိ လေ့လာလျက်ရှိသည်။ ထိုလေ့လာချက်အရ ဖြစ်နိုင်ခြေရှိကြောင်း တွေ့ရှိရလျှင် ဗီယက်နမ်၏ သစ်တောပြန်လည်ပြုစု ပျိုးထောင်ရေးလုပ်ငန်းနှင့် ပျော့ဖတ်လုပ်ငန်းများတွင် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားရန် မျှော်မှန်းထားသည်ဟု ဆိုသည်။ ထိုကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံရှိ သက်ဆိုင်ရာ အရာရှိများနှင့်လည်း တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်းလည်း ရင်းနှီးမြှုပ်နှံမှုသတင်းများက ဖော်ပြသည်။

တင်သွင်း

ဗီယက်နမ်နိုင်ငံသည် ပျော့ဖတ်နှင့် အဆင့်မြင့်စက္ကူ အမျိုးအစား လိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရသည်။ သို့ဖြစ်၍ ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် စက္ကူလုပ်ငန်းကို လိုလားလျက်ရှိသည်ဟုဆိုသည်။ ယခုနှစ်၏ ပထမငါးလအတွင်းတွင် ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၁၄၂ သန်း အကုန်အကျခံ၍ စက္ကူနှင့်စက္ကူထွက်ပစ္စည်း တန်ချိန် ၂၂၈၀၀၀ တင်သွင်းခဲ့သည်။ ထိုကိန်းဂဏန်းသည် ယခင်နှစ်က အခြေအနေနှင့်နှိုင်းစာလျှင် တန်ချိန်အရ ၄၃ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုများပြားလာပြီး တန်ဖိုးအရ ၈၇ ရာခိုင်နှုန်း ပိုမိုတင်သွင်းရသည်ကို ဖော်ပြနေသည်။

တည်ရှိ

အပြည်ပြည်ဆိုင်ရာ စက္ကူလုပ်ငန်း ကုမ္ပဏီသည် နိုင်ငံပေါင်း ၄၀ ခန့်တွင် လုပ်ငန်းခွဲများ တည်ရှိပြီး လုပ်သားပေါင်း ၈၃၀၀၀ တို့ကို အလုပ်အကိုင်များ ပေးထားနိုင်ကာ နိုင်ငံပေါင်း ၁၂၀ ကျော်သို့ ကုမ္ပဏီ၏ ထွက်ကုန်များကို တင်ပို့ပေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စက်မှု ကုန်စည်ပြပွဲများ တရုတ်နိုင်ငံတွင် ကျင်းပမည်

ပေကျင်း ဇွန် ၄

တရုတ်နိုင်ငံတွင် စက်မှုကုန်စည်ပြပွဲသုံးခုကို ယခုနှစ်၏ ဒုတိယနှစ်ဝက်ကာလတွင် လက်ခံကျင်းပသွားရန် အစီအစဉ်ရှိကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထွက်ပေါ်လာသော သတင်းများအရ သိရသည်။

ပြပွဲတစ်ခုစီသည် သီးခြားစက်မှုကုန်စည်များနှင့် သက်ဆိုင်သော ပစ္စည်းများ ခင်းကျင်းရောင်းချခြင်း၊ စားသောက်ကုန်များ တည်ခင်းပြသရောင်းချခြင်းများ ပါဝင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒီဂျန်ကိုင်က ပြောကြားသည်။ အဆိုပါ ပြပွဲများအားလုံးကို ကုန်သွယ်ရေး ဝန်ကြီးဌာနက ကမကထပြု စီစဉ်ဆောင်ရွက်မည်ဖြစ်သည်ဟု ဆိုသည်။

ယခု ၂၀၀၅ ခုနှစ်အတွက် လက်လီအရောင်းပြပွဲကို လာမည့် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ပေကျင်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး စားသောက်ကုန်ပြပွဲကို စီချွမ်ပြည်နယ်၌ စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ စားသောက်ကုန် တည်ခင်းဧည့်ခံရေး ပြပွဲကိုမူ အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ခွန်ဂူးမြို့တွင် ကျင်းပသွားရန် စီစဉ်ထားသည်။

လာမည့်နှစ် အနည်းငယ်အတွင်းတွင် တရုတ်နိုင်ငံသည် ပြည်တွင်းဈေးကွက်ကိုကျယ်ပြန့်လာစေရန်ဆောင်ရွက်နိုင်မည်ဖြစ်ရာ ပြည်တွင်း စားသုံးမှုမှာလည်း တိုးပွားလာမည် ဖြစ်ကြောင်း ညွှန်ကြားရေးမှူးဒီက ပြောကြား သည်။ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အရှိန်ရလာစေရန် ဝန်ကြီးဌာနသည် အကြီးစားပြပွဲများကို ခင်းကျင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

ယခုကျင်းပမည့် ပြပွဲများသည်လည်း သေးငယ်သော ပြပွဲများ မဟုတ်ကြဘဲ သူ့အခြေအနေနှင့်သူ ကြီးမားသော ပြပွဲကြီးများပင်ဖြစ်ကြောင်း သိရသည်။ လက်လီအရောင်းပြပွဲသည် ပြကွင်းအကျယ် စတုရန်းမီတာ ၃၅၀၀၀ ရှိမည်ဖြစ်ပြီး စားသောက်ကုန်ပြပွဲမှာ ပြကွင်းအကျယ် စတုရန်းမီတာ ၅၀၀၀၀ရှိမည်ဖြစ်မည်။တည်ခင်းဧည့်ခံရေး လုပ်ငန်းပြပွဲအကျယ်မှာမူ အကျယ်ဆုံးဖြစ်ပြီး စတုရန်းမီတာ ၁၀၀၀၀၀ အထိ ကျယ်ပြန့်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

သဘာဝ အလှအပများနှင့် ရှေးဟောင်း ယဉ်ကျေးမှုလက်ရာ အဆောက်အအုံများဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နေသော နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူတွင် ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ကြည့်ရှုနေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ် ဂျီဒီပီတိုးနှုန်း ၈ ရာခိုင်နှုန်းရည်မှန်း

ဟန္နိုင်း ဇွန် ၄

ဗီယက်နမ်အစိုးရသည် လာမည့်နှစ်တွင် စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၈ရာခိုင်နှုန်း တိုးတက်မည်ဟု ရည်မှန်းထားကြောင်း ရှေ့ဆောင်အမည်ရှိ သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ပြည့်မီရေးအတွက် ဗီယက်နမ်အစိုးရသည် အရောင်းအဝယ်လုပ်ငန်းများနှင့် ကုန်ထုတ် လုပ်ငန်းများအတွက် အရင်းအနှီးများ ဖိတ်ခေါ်ခြင်းနှင့် ပြည်ပပို့ကုန်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် သင့်လျော်သော အခြေအနေများ ဖန်တီးပေးရန် အစိုးရက ဝန်ကြီးဌာနများကို ညွှန်ကြားထားသည်။ လျှပ်စစ်ဓာတ်အား၊ ဘိလပ်မြေ၊ ရေနံနှင့်ဓာတ်ငွေ့၊ ဓာတ်မြေဩဇာ၊ ကျောက်မီးသွေး၊ သံမဏိနှင့် ဓာတုပစ္စည်းများ ထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည် ဖော်ရေးကိုလည်း စနစ်တကျ စီမံခန့်ခွဲရန် ညွှန်ကြားထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စက္ကူထုတ်လုပ်ရေး

ကနေဒါနိုင်ငံရှိ စက္ကူထုတ်လုပ်ရေး စက်ရုံတစ်ရုံတွင် စက်ကိရိယာများအား ထိန်းချုပ်နေသည့် အလုပ်သမားတစ်ဦး လုပ်ငန်းခွင်ဝင်နေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်နှင့်ထိုင်း ဆက်ဆံရေးတိုးမြှင့်မည်

ဟန္နိုင်း ဇွန် ၄

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံဘက်စုံဆက်ဆံရေး မြှင့်တင်မည်ဖြစ်ကြောင်း အလုပ်သမား သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်း နိုင်ငံခြားရေးဝန်ကြီးတို့ ဗုဒ္ဓဟူးနေ့က တွေ့ဆုံရာတွင် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီတွင် အစိုးရချင်း အစည်းအဝေးကျင်းပရန် သဘောတူခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် တတိယသုံးလပတ် ကာလအတွင်း နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပရန် ဝန်ကြီးနှစ်ဦးက သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှု ပမာဏသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိခဲ့ရာ မကြာမီကာလတွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံသို့ ရောက်ရှိလာမည်ဟု မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အလှပန်းများ ဖူးပွင့်စေသော ပြည်မြန်မာ

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစား သံအမတ်ကြီး)

ကျွန်တော် ကမ္ဘာကျော် ဝိုင်ကီကီကမ်းခြေတစ်လျှောက် ၁၉၆၁ ခုနှစ်က မိတ်ဆွေများနှင့် လမ်းလျှောက်ပြီး ဟာဝိုင်ယီကျွန်း၏ အလှကို တငေးတမောကြည့်ရှုခံစားနေမိပါတယ်။ ပင်လယ်ပြာကြီးမှာ ရယ်မော ပျော်ရွှင်စွာ ရေကူးနေကြတဲ့ အပျို၊ လူပျိုများကိုကြည့်ပြီး ကြည်နူးမိပါတယ်။ နောက်ခံရှုခင်းဖြစ်တဲ့ Diamond Head တောင်ကုန်းကလဲ ကမ်းခြေအလှကို တန်ဆာဆင်ပေးနေသကဲ့သို့ ဖြစ်ပါတယ်။ ပင်လယ် ကမ်းခြေတစ်လျှောက် တည်ဆောက်ထားတဲ့ ဟိုတယ်ကြီးများထံမှ ငြိမ့်ညောင်းတဲ့ တေးဂီတ သံများကလဲ ပင်လယ်လေလှိုင်းကို ခိုစီးရန် ဝဲပျံထွက်လာသကဲ့သို့ ရှိပါတယ်။ မြန်မာပြည်တုန်းက ပင်လယ်ပြင်ကို မမြင်ဖူးတဲ့ ကျွန်တော့်မှာ ဝိုင်ကီကီကမ်းခြေရဲ့အလှကို ရင်သပ်ရှုမော ကြည့်ရှုခံစားမိပါတယ်။ ဒီအလှမျိုး မြန်မာနိုင်ငံတွင် ရှိပါစေလို့လဲ တမ်းတမိပါတယ်။

နိုင်ငံခြားမှာနေစဉ်အတွင်း ဤကဲ့သို့ သာယာကြည်နူးဖွယ်ကောင်းတဲ့ ပင်လယ်ကမ်းခြေတွေကို ရောက်ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ မီယာမီကမ်းခြေ၊ နယူးယောက်မြို့ ကော်နီကျွန်းကမ်းခြေများကိုလဲ ရောက်ရှိခဲ့ပါတယ်။ အင်္ဂလန်မှာ Blackpool ကမ်းခြေ၊ Brighton နဲ့ Eastborn ကမ်းခြေ စသည်များသို့ သွားရောက်အပန်းဖြေဖူးပါတယ်။ ဆိုဗီယက်ပြည်ထောင်စုတွင် တာဝန်ထမ်းဆောင်စဉ် ပင်လယ်နက်တွင် တည်ရှိတဲ့ ဆိုချီပင်လယ်ကမ်းခြေသို့ သွားရောက်၍ လေ့လာဖူးပါတယ်။ ထူးခြားသည်မှာ ပင်လယ်ကမ်းခြေတစ်လျှောက် ကျောက်စရစ်များသာ များပြားနေသည်ကို တွေ့ရှိရပါတယ်။ ဩစတြေးလျနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ် နာမည်ကြီးဆစ်ဒနီမြို့အနီးရှိ ဘွန်ဒိုင်းပင်လယ်ကမ်းခြေ၊ ဘရစ်ဘိန်းမြို့အနီးရှိ Gold Coast ပင်လယ်ကမ်းခြေသို့ ရောက်ရှိခဲ့ပါတယ်။ ဟိုတယ်ကြီးများနှင့် လှပနေပါတယ်။ ပျော်ပွဲ၊ ရွှင်ပွဲ၊ ကပွဲများနှင့် စည်ကားနေပါတယ်။ ဤအလှအာရုံများကြောင့် ကျွန်တော် စိတ်လှုပ်ရှားခဲ့ရပါတယ်။ မြန်မာနိုင်ငံတွင် ဤအလှမျိုးရှိမည်မထင်ခဲ့မိပါ။

သို့သော် ကျွန်တော်ငပလီကမ်းခြေ၊ ချောင်းသာနဲ့ ငွေဆောင် ကမ်းခြေများ၊ မြိတ်ကျွန်းစု ကျွန်းများ၏ ကမ်းခြေများသို့ ရောက်တဲ့ အခါမှာတော့ ကျွန်တော့်အထင် မှားခဲ့ပြီဖြစ်ကြောင်း သိလိုက်ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလဲ အမေရိကန်ပြည်ထောင်စု၊ ရုရှားနိုင်ငံ၊ ယူကေနိုင်ငံ၊ ဩစတြေးလျနှင့်နယူးဇီလန်နိုင်ငံတို့ကဲ့သို့ လှပကြည်နူးဖွယ်ရာကောင်းလှတဲ့ ပင်လယ်ကမ်းခြေအလှများ ရှိနေတာကို တအံ့တဩ တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ မတွေ့ရှိသေးတဲ့ ပင်လယ်ကမ်းခြေ အလှများ ရှိနေဦးမယ်ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာတာနဲ့အမျှ ဤပင်လယ်ကမ်းခြေအလှပန်းများထံသို့ ကျွန်တော်တို့ ရောက်ရှိခံစားနိုင်ကြမယ် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပင်လယ်ကမ်းခြေအလှဟာ သူတို့နဲ့မတူ တစ်မူထူးခြားပါတယ်။ ပင်လယ်ကမ်းခြေရဲ့ မူရင်းသဘာဝအလှအတိုင်း လှနေပါတယ်။ သူတို့အလှက သဘာဝ အလှမဟုတ်တော့ပါ။ ပြုပြင်ဖန်တီးထားတဲ့ အလှများဖြစ်ကာ ပတ်ဝန်းကျင် သဘာဝအလှကိုပင် ထိခိုက်နှောင့်ယှက်နေပြန်ပါတယ်။

ပြီးခဲ့တဲ့ ငါးလလောက်က အီတလီနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် မစ္စတာဖရန်စစ္စကိုက ကျွန်တော်နဲ့ တွေ့ဆုံပြီး မြိတ်ကျွန်းစုတွင် သူတို့ အီတလီတွေ ကမ္ဘာလှည့်ခရီးသည်များအတွက် ဟိုတယ်စခန်းတစ်ခု တည်ဆောက်လိုကြောင်း ပြောဆိုအကြံဉာဏ်တောင်းပါတယ်။ ကျွန်တော်က သူတို့ မြေထဲပင်လယ်တစ်ဝိုက်မှာ လှပသာယာတဲ့ ပင်လယ်ကမ်းခြေတွေ ရှိနေတာမို့ ဘာကြောင့် မြိတ်ကျွန်းစုကို စိတ်ပါဝင်စားရသလဲလို့ မေးလိုက်ပါတယ်။ သူက မြေထဲပင်လယ်ရေဟာ ညစ်ညမ်းလာပြီဖြစ်ကြောင်း၊ မြိတ်ကျွန်းစုတစ်လျှောက် ပင်လယ်ပြင်မှာ နဂိုသဘာဝအတိုင်း ကြည်လင်သန့်ရှင်းလျက်ရှိကြောင်း၊ ဤသို့သောနေရာသို့ သူတို့ အီတလီများ လာရောက် အနားယူ အပန်းဖြေပြီး Deep Sea Dive ပြုလုပ်ကြရန် လိုလားကြောင်း ရှင်းလင်းပြောကြားပါတယ်။ သူတို့ကိုယ်တိုင် ပင်လယ်၊

ကချင်ပြည်နယ်ရှိ ရေခဲများဖြင့် ဖုံးလွှမ်းနေသော ရေခဲတောင် အလှကို ဤသို့ ရှုမငြီးဖွယ်တွေ့ရသည်။

ကျွန်း၊ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောတဲ့ ဟိုတယ်တည်းခိုခန်းများ တည်ဆောက်မယ်၊ လစဉ် အီတလီမှ လူ ၅၀၀ ကျော် လာရောက်အပန်းဖြေကြမယ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါတယ်။ သူက မြန်မာ့ပင်လယ်ကမ်းခြေရဲ့ အလှမျိုးဟာ ကမ္ဘာမှာ ရှားပါးလာပြီဖြစ်ကြောင်း ဝန်ခံပြောကြားပါတယ်။ ကျွန်တော် ဝမ်းသာပြီး ကမ္ဘာ့အလှနဲ့ ယှဉ်ပြိုင်နေတဲ့ မြန်မာ့အလှအတွက် ဂုဏ်ယူမိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြောက်ဘက်မှနေ၍ တောင်ဘက်သို့ ရှည်လျားစွာ စီးဆင်းနေတဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်ကြီးများ ရှိကြပါတယ်။ ဒီလိုမြစ်ကြီးမျိုး နိုင်ငံတိုင်းမှာ ရှိခဲပါတယ်။ ယူကေ၊ ဩစတြေးလျ၊ နယူးဇီလန်စတဲ့ နိုင်ငံတွေမှာ မရှိပါ။ မြစ်ရိုးတစ်လျှောက် မြို့ရွာများမှာ တိုင်းရင်းသားတွေ ရောင်းဝယ်ဖောက်ကားနေကြပုံများဟာ မြန်မာ့မြစ်ကြီးများရဲ့ အလှတစ်ပါးပဲဖြစ်ပါတယ်။

ထို့အတူ တောင်နှင့်မြောက်တန်းနေတဲ့ ရခိုင်ရိုးမတောင်တန်း၊ ပဲခူးရိုးမတောင်တန်း၊ ရှမ်းရိုးမ တောင်တန်းများရဲ့ အလှကိုလဲ နိုင်ငံတိုင်းမှာ တွေ့ရှိနိုင်မယ် မဟုတ်ပါ။ ထိုတောင်တန်းကြီးများမှာ သစ်ပင် ပန်းမန်နဲ့ သားရဲတိရစ္ဆာန်မျိုးစုံကို တွေ့ရှိနိုင်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်များ သဘာဝကို လေ့လာရန် ကြိုက်နှစ်သက်မယ့်နေရာတွေ ဖြစ်ပါတယ်။

ဤတောင်တန်းကြီးများရဲ့ မြောက်ဖျားရှိ ခါကာဘိုရာဇီတောင်ဒေသမှာ နှစ်စဉ် ခြောက်လကျော် ရေများခဲ၍ ဖြူဖွေးလှပနေပါတယ်။ အရှေ့တောင်အာရှမှာ နှင်းလျှောစီးရန် အကောင်းဆုံး ဖြစ်တဲ့ ဒေသပဲဖြစ်ပါတယ်။ နိုင်ငံခြားသားများ အထူးပင် စိတ်ဝင်စား ကြပါတယ်။ ဤဒေသကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်တာနဲ့အမျှ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှတိုက်ရဲ့ ဆွစ်ဇာလန် ဖြစ်လာနိုင်ပါတယ်။

မြတ်စွာဘုရား လက်ထက်ကတည်းက တည်ထားကိုးကွယ်ခဲ့တဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ ကမ္ဘာ့ အံ့ချီးဖွယ်ရာစာရင်းတွင် ပါရှိပါတယ်။ လာရောက်ဖူးမြော်တဲ့ ကမ္ဘာလှည့်ခရီးသည်များ ကြည်ညို သဒ္ဓါပွားများကြပြီး အေးချမ်းမှုကို ခံစားကြရပါတယ်။ ထို့အပြင် ယဉ်ကျေးမှုနယ်မြေ ပုဂံမှာ တည်ရှိနေတဲ့ စေတီပုထိုးများနဲ့ ဒေသပေါင်းစုံရှိ သမိုင်းဝင် သာသနိက အဆောက်အအုံများဟာ မြန်မာနိုင်ငံရဲ့ အတွေးအခေါ်နဲ့ ဘာသာရေးကို အလှပန်းဆင်နေပါတယ်။ ဒီပန်းကိုဖြင့် ဘယ်နိုင်ငံမျှ လိုက်၍ယှဉ်နိုင်မည် မဟုတ်ပါ။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်တို့ ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်လျက် ရှိပါတယ်။ သူတို့ရဲ့ ရောင်စုံဝတ်စုံများ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများဟာ စုပေါင်းညီညာစွာ ပြည်ထောင်စုကြီးကို လှပစေပါတယ်။ ဒီလိုများပြားတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံ၏အလှကိုလဲ ဘယ်နိုင်ငံတွင်မျှ တွေ့နိုင်မယ် မဟုတ်ပါ။

မြန်မာနိုင်ငံမှာ သယံဇာတပစ္စည်းများ ပေါများကြွယ်ဝပါတယ်။ နိုင်ငံအများက မက်မောတဲ့ ကျောက်စိမ်းများ၊ နီလာ၊ ပတ္တမြား၊ ပုလဲများပေါ်ထွက်ရာ ဒေသဖြစ်ပါတယ်။ ရွှေအမြောက်အမြားထွက်လို့ ဘုရားကျောင်းကန်များကို ရွှေချလေ့ရှိကြပါတယ်။ ဒါကြောင့်ပင် ရွှေနိုင်ငံလို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အလှတစ်မျိုးမှာ ပြည်သူလူထု၏ ပြုံးရွှင်ဖော်ရွေသော စိတ်ထားပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံသို့ ရောက်ဖူးသူတိုင်း မြန်မာ တိုင်းရင်းသားတွေရဲ့ ခင်မင်စွာဖော်ရွေမှုကို နှစ်သက်အလေးထားကြပါတယ်။ ဤဖော်ရွေမှုမျိုးကို အခြားနိုင်ငံများမှာ တွေ့ရခဲတယ်လို့ ပြောကြပါတယ်။ နယူးဇီလန်နိုင်ငံမှ ကျွန်တော့်မိတ်ဆွေတစ်ဦးက ဗီဒီယိုတိပ်ခွေ တစ်ခုပို့လိုက်ပါတယ်။ တိပ်ခွေနာမည်က Born to be a Myanmar ဖြစ်ပါတယ်။ သူက မြန်မာနိုင်ငံရဲ့ လှပတဲ့ရှုခင်းများ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကို ဗီဒီယိုရိုက် မှတ်တမ်းတင်ပြီး "နောင်ဘဝ ပြန်လည် မွေးဖွားခွင့်ရှိလျှင် မြန်မာပြည်သားအနေဖြင့် မွေးဖွားပါရစေ" ဟု ဆုတောင်း နိဂုံးချုပ်ထားပါတယ်။

ဒီလို ကမ္ဘာ့နိုင်ငံများမှာ တွေ့ရှိရခဲတဲ့ လှပသာယာဖွယ်ကောင်းသော ပင်လယ်ကမ်းခြေများ၊ တောတောင်မြစ်ချောင်းအင်းအိုင်များ၊ ဘာသာရေး သာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သယံဇာတ ပစ္စည်းများဟူသော ပန်းအလှအရောင်မျိုးစုံဟာ မြန်မာနိုင်ငံမှာ ပွင့်ဖူး နေကြပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဤသို့ ကမ္ဘာ့အလှပန်းများ ဖူးပွင့်ထားရာ မြန်မာနိုင်ငံကို ဘိုးဘွားများထံမှ အမွေအနှစ်အဖြစ် ရရှိဆက်ခံထားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကမ္ဘာမှာရှိတဲ့ အလှပန်းပေါင်းစုံ ဖူးပွင့်နေပါတယ်။ ကမ္ဘာမှာ မရှိတဲ့ပန်းများပင် မြန်မာနိုင်ငံမှာ ရှင်သန်စွာ ပွင့်နေကြပါတယ်။ ဒီပန်းဥယျာဉ်ကြီး ထာဝစဉ် စိမ်းလန်းစိုပြည် ဖူးပွင့်နိုင်ရန်အတွက် ဥယျာဉ်မှူးများဖြစ်ကြတဲ့ တိုင်းရင်းသား ပြည်သူအားလုံးက စုပေါင်းညီညာစွာ ပြုစုစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံမှာ မြောက်ဘက်မှနေ၍ တောင်ဘက်သို့ ရှည်လျားစွာစီးဆင်းနေတဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်ကြီးများ ရှိကြပါတယ်။ ဒီလိုမြစ်ကြီးမျိုး နိုင်ငံတိုင်းမှာ ရှိခဲပါတယ်။ ယူကေ၊ ဩစတြေးလျ၊ နယူးဇီလန်စတဲ့ နိုင်ငံတွေမှာ မရှိပါ။ မြစ်ရိုးတစ်လျှောက် မြို့ရွာများမှာ တိုင်းရင်းသားတွေ ရောင်းဝယ် ဖောက်ကား နေကြပုံများဟာ မြန်မာ့မြစ်ကြီးများရဲ့ အလှတစ်ပါးပဲဖြစ်ပါတယ်။

ဆောင်ရွက်ဆဲ ဘိုးပိုင်လုပ်ငန်းများ အမြန်ပြီးပြတ်ရန်ဆောင်ရွက် တံတားပုံစံရေးဆွဲသူများ မကြာခဏလုပ်ငန်းခွင်ကွင်းဆင်းစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရောဝတီတံတား(ရတနာပုံ) လုပ်ငန်းများ စစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃ ရက် နံနက်ပိုင်းတွင် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဝန်ကြီးသည် ရတနာပုံတံတား မန္တလေးဘက်ကမ်းချဉ်းကပ်လမ်း အတက်အဆင်းပြပုံစံငယ်ကိုကြည့်ရှု၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက်တံတားစီမံကိန်း မန္တလေးဘက်ကမ်း တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် ချဉ်းကပ်လမ်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ဝန်ကြီးက ရေအောက်ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကို အနီးကပ်အဆင့်ဆင့်ကြီးကြပ်၍ အထူးဂရုပြုဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်းကြောင်းများကို အဘက်ဘက်ပြည့်စုံအောင် စိစစ်ရွေးချယ်ရန်၊ မြေကြီးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ သတ်မှတ်ဒုအတိုင်း ခင်းကြိတ်ရန်တို့ကို မှာကြား၍တင်ပြသည့်လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေယာဉ်ဖြင့်ရေလယ်တိုင်အမှတ် (၄) တွင် ဝမ်းစာကွန်ကရစ်လောင်းနေမှု၊ ရေလယ်တိုင်အမှတ် (၅)တွင် ပိုင်ထိပ်အုပ်မှ တံတားတိုင်ဆက်စပ်သံဆင်နေမှုများကို လှည့်လည်ကြည့်စစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စစ်ကိုင်းဘက်ကမ်းတည်ဆောက်ရေး တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် သံပေါင်တပ်ဆင်ခြင်း အပါအဝင်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ စစ်ကိုင်းဘက်ကမ်း တံတားချဉ်းကပ်လမ်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ဆောင်ရွက်ဆဲဘိုးပိုင်လုပ်ငန်းများအမြန်ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ တံတားပုံစံရေးဆွဲသူများအနေဖြင့် မကြာခဏ လုပ်ငန်းခွင်သို့ကွင်းဆင်း၍ ဆောင်ရွက်မှုများကို တိုက်ဆိုင်စစ်ဆေးညှိနှိုင်းဆောင်ရွက်ရန်၊ ခန်းဖွင့်ကျယ်ပင်မ သံပေါင်များ ဆက်လက်တပ်ဆင်သည့်အခါနည်းစနစ်သစ်ဖြင့် လုပ်ဆောင်ရခြင်းဖြစ်၍ အမှားအယွင်းမရှိအောင် အထူးဂရုပြုဆောင်ရွက်ရန် ကြိုတင်သွန်းလောင်း ကွန်ကရစ်ကြမ်းခင်းများ တပ်ဆင်ရာတွင်လည်း အဆက်များ ကွဲအက်မှုမရှိစေရေး အလေးထားရန်၊ စစ်ကိုင်းဘက်ကမ်း တံတားချဉ်းကပ်လမ်းရွေးချယ်ရာတွင် လက်ရှိလမ်းဟောင်းများနှင့် ဆက်သွယ်မှု လွယ်ကူစေရေးဆောင်ရွက်ရန်တို့ကို မှာကြား၍လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ယခုအခါရောဝတီတံတား (ရတနာပုံ) မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားမှာ ကမ်းကပ်ခုံမှအပ ပြီးစီးလျက် စစ်ကိုင်းဘက်ကမ်းတွင် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ နှစ်ခန်းသာတင်ရန်ကျန်ရှိပြီး ပင်မတံတားသံပေါင်ခုနစ်ခန်းရှိသည့်အနက် လေးခန်းပြီးစီးနေပြီဖြစ်သည်။ ထို့အတူ ရေလယ်တိုင်အမှတ် ၄ (RP-4) တွင် ဘိုးပိုင်လုပ်ငန်းများပြီးစီး၍ အတွင်းဝမ်းစာကွန်ကရစ်ကျင်း၂၃၀ဂခန့်အားစဉ်ဆက်မပြတ်နေ့/ည ကွန်ကရစ်သွန်းလောင်းလျက်ရှိပြီး ရေလယ်တိုင် အမှတ် ၅ (RP-5)တွင် ပိုင်ထိပ်အုပ်နှင့် ဆက်စပ်တံတားတိုင်အတွက် သံဆင်လျက်ရှိသည်။ (RP-4)နှင့်(RP-5) တိုင်များပြီးစီးပါက ရေလယ်ခန်းဖွင့်ကျယ်သံပေါင်ကုန်း တပ်ဆင်ခြင်း လုပ်ငန်းများ ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၁)ဖြန့်ချိ

ရန်ကုန် ဇွန် ၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၁)တွင် ကိုကို(စက်မှုတက္ကသိုလ်) ၏ အယ်ဒီတာ့ဒိုင်ယာရီ၊ စဥ့်အိုးတွင် ထည့်သွင်းရောင်းချသည့် အစားအစာများတွင် ခဲဓာတ်များပါဝင်သဖြင့် သတိပြုစားသုံးရန်လိုအပ်၊ ဆင်တူယိုးမှား အမှတ်တံဆိပ်များ ရှိနေ၍ အိန္ဒိယမှတင်သွင်းသော ဆေးဝါးများ စိစစ်မှုများပြုလုပ်မည်၊ တစ်သျှူးနည်းဖြင့် အကြီးမြန်ကျွန်းမျိုးရင်းများ ပွားယူအောင်မြင်၊ အာဆီယံစွမ်းအင်အထိရောက်ဆုံး အသုံးပြု အဆောက်အအုံပြိုင်ပွဲတွင် မြန်မာပုပ္ပားတောင်ရီဆော့တ် ပထမ ဆွတ်ခူးစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

စာရေးဆရာကြီး ဟဲမင်းဝေး၏ အိမ်ရာသီဥတုနှင့် နိုင်ငံရေးကခြိမ်းခြောက်နေ၊ တယ်လီဖုန်းမလိုသော အင်တာနက်စက်နိုကီယာက ဈေးကွက်တင်၊ ဆန်ရေစပါး ပေါကြွယ်မည်ဟု ကမ္ဘောဒီးယား လယ်ထွန်မင်္ဂလာ နွားသိုးတော်ကြီး နိမိတ်ဖတ်၊ အမျိုးသား အားတိုးဆေးသုံးစွဲသူ အနည်းငယ်တွင် မျက်စိကွယ်ခြင်းဖြစ်စဉ်တွေ့ရှိသည့်နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၄၈၈၁၀က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း မန္တလေးမြို့ပေါ်ရှိအခြေခံပညာကျောင်းများစစ်ဆေး

ရန်ကုန် ဇွန် ၅

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးသောင်းခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းပညာရေးမှူး ဦးအောင်ဆန်းတို့လိုက်ပါလျက် ဇွန်၃ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်း ကျောင်းနှင့်ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ရောက်ရှိပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ ရရှိမှုအခြေအနေ၊ အတန်းလိုက် ပညာသင်ကြားသင်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ဆရာမများအားသင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များနှင့် ပတ်သက်၍ ဘာသာရပ်တစ်ခုစီ၏ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များကို ကျောင်းသား၊ကျောင်းသူတိုင်း သိရှိနားလည်အောင် ရှင်းလင်းသင်ကြားကြရန်၊ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများပြုလုပ်ကြရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရေးအတွက် စာစောင်များ၊ သတင်းစာများ ဖတ်ရှုလေ့လာကြရန်နှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အမှတ်(၂) အခြေခံပညာ ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်နှင့် အမှုထမ်း၊ အရာထမ်းများ၊ မန္တလေးပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီးနှင့် မန္တလေးတိုင်း ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မန္တလေးခါးမြို့နယ်မှ မြို့နယ်ပညာရေးမှူးများနှင့် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ပညာရေးဌာနမှ ကောက်ခံရန် သတ်မှတ်ငွေကြေးမှအပ အပိုငွေကြေးများ မကောက်ခံရေး၊ ဌာနညွှန်ကြားချက်အတိုင်း အခန်းဆုံးစစ်ဆေးခြင်း၊ပြန်လည်ကုစားသင်ကြားခြင်းများကို တိတိကျကျလိုက်နာပြီး ကလေးများစာတတ်အောင် သင်ကြားရေးနှင့် သက်ဆိုင်ရာဘာသာရပ်များကို သင်ကြားရာတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင်များ ရှိလာအောင် ဆက်စပ်သင်ကြားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားဆွေးနွေးသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် မြင်သာဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် အဖွဲ့ဝင်(၂) ဦးတိုးလင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၂၀၀၅ ခုနှစ် (၁၅)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင်ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး တက်ရောက်၍ ဆုများချီးမြှင့်သည်။

အခမ်းအနားတွင် ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးက အမှာစကား ပြောကြားပြီး အကောင်းဆုံး တစ်ဦးချင်း (ခုံ)ဆုရတပ်ဖွဲ့ဝင် ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ညွှန်ကြားရေးမှူး(ထောက်) ရဲမှူးကြီးသိန်းတင်ကလည်းကောင်း၊ အသင်းလိုက်တတိယဆုရ မကွေးတိုင်းရဲတပ်ဖွဲ့၊ ဒုတိယဆုရ ပဲခူးတိုင်းရဲတပ်ဖွဲ့၊ ပထမဆုရ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းနှင့် လေးနှစ်ဆက်တိုက် ပထမဆုရ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးကလည်းကောင်း၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ဒိုင်ချုပ်နှင့် ဒိုင်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဇွန်၄ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၉) စံပြရပ်ကွက်တွင် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ပိတ်ဆို့နေသော ရေပြွန်ပေါက်များ၊ ရေနုတ်မြောင်းများကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင် ဦးဆောင်၍ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ တူးဖော်ဆောင်ရွက်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) Introducing Envirmental Philosophy. (2nd Philosophy.) (ခ) မြန်မာစာပေ(ကိုလိုနီခေတ်)မှ မြန်မာမှု (ပထမနှစ်-မြန်မာမှုပညာ)
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း"(အပိုင်း-၂၄) ဇာတ်သိမ်း**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစုံစမ်း
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်က သိုင်းလုလင်" (အပိုင်း-၂၆)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

▲ **ရှေ့ဖုံးမှ**

အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အေးသာယာစက်မှုဇုန်၌ သံရည်ကျိုစက်ရုံနှင့် တွဲဖက်စက်ရုံများဖြစ်သည့် Machine Shop ၊ Ware House ၊ Forging Shopနှင့် Foundary Shopများ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများရောက်ရှိရန် ကျန်ရှိမှု၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေး ဆောင်ရွက်ထားမှု၊ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်စုဆောင်းမှုနှင့် သင်တန်းများတက်ရောက်စေမှု၊ လိုအပ်သော ကုန်ကြမ်းစုဆောင်းထားမှုနှင့် သံရည်ကျိုစက်ရုံမှ ထုတ်လုပ်သွားမည့် ပြည်တွင်းသုံး စက်အရန်ပစ္စည်းများ၊ ပြည်ပသုံး စက်ပစ္စည်းများထုတ်လုပ်ရန် စီမံထားမှု၊ စက်ရုံအတွက် အစုရှယ်ယာ ထည့်ဝင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အေးသာယာစက်မှုဇုန်က မော်တော်ယာဉ်များထုတ်လုပ်မှု၊ လယ်ယာသုံးစက်ကိရိယာများ၊ ကားအပိုပစ္စည်းများနှင့်ဓာတ်မြေဩဇာထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အေးသာယာသံရည်ကျိုစက်ရုံများနှင့်စပ်လျဉ်းသည့် ပုဂ္ဂလိကကုမ္ပဏီဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်မှ လိုအပ်သည့် အားပေးကူညီ ပံ့ပိုးဖြည့်ဆည်းမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း။

ဖွဲ့စည်းတည်ဆောက်ပြီးဖြစ်သည့် စက်မှုဇုန်များအနက် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်၊ မန္တလေး စက်မှုဇုန်၊ မုံရွာစက်မှုဇုန်တို့၌ ခေတ်မီပုဂ္ဂလိက သံရည်ကျို၊ စက်ခုတ်စား၊ ပုံဖိပုံထောင်း စက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေး အတွက် နိုင်ငံတော်အပိုင်းက နိုင်ငံခြားသုံးငွေ မတည်ကူညီ ဖြည့်ဆည်းခြင်း အပါအဝင် လိုအပ်သည့်အားပေးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ နိုင်ငံပိုင် စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှု လုပ်ငန်းများကိုပါ အခြေခိုင်ခိုင်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြူစင်သည့် စေတနာဖြင့် ကူညီစောင့်ရှောက်ပေးနေခြင်းဖြစ်ကြောင်း။

ခေတ်မီသံရည်ကျိုစက်ရုံစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်
ဈေးကွက်တောင်းဆိုသည့် စက်ပစ္စည်းများထုတ်လုပ်ရေး လုပ်ငန်းစဉ်မျ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန် ရှင်းလင်းဆောင်၌ အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အထူးသဖြင့် အေးသာယာစက်မှုဇုန်မှတစ်ဆင့် ရှမ်းပြည်နယ်ရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အရည်အသွေးအဆင့်အတန်းရှိရှိ တိုးတက်လာစေချင် ပါကြောင်း၊ သို့မှသာ ရှမ်းပြည်နယ်သည် စီးပွားရေးအရ တောင့်တင်းလာ မှာဖြစ်ကြောင်း။

ကြိုးစားအားထုတ်

ထို့ကြောင့် ဒေသခံ စက်မှုလုပ်ငန်းရှင်များကလည်း ကိုယ့်လက်ကိုယ့်ခြေ ဖြင့် မိမိတို့၏ သံရည်ကျိုသံထည်လုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင်၊ အဆင့်အတန်းရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်မိအောင် ကြိုးစာ

နိုင်ငံတော်၏စေတနာဖြင့် မတည်ကူ အပြည့်အဝအသုံးချ၍ တက်တက်ကြွကြွ အာ ကြောင်း။

ရင်းနှီးမြှုပ်နှံ

ငွေကြေးအရင်းအနှီးရှိသူများအနေဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာမှသာ စီးပွားရေးလုပ် စွာဖြင့် လည်ပတ်နိုင်မှာဖြစ်ကြောင်းဖြင့် မှာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Shop အလုပ်ရုံ တည်ဆောက်ပြီးစီးမှုကိုလည်း စက်အမျိုးမျိုး တပ်ဆင်ပြီးစီးမှုနှင့် စက်အလို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

တပ်ဆင်ပြီး

Machine Shop အလုပ်ရုံ၌ စက်ခုတ် ရှိသည့်အနက် ၂၁လုံး တပ်ဆင်ပြီးဖြစ်သ

ဆက်လက်၍ Ware House အလု အလုပ်ရုံအလိုက် စုဆောင်းထားသည့် စက် အလုပ်ရုံ၌ စနစ်တကျ ခွဲဝေချထားမှုများကို

ထို့နောက် စက်ပစ္စည်း ၂၇လုံး တပ် ၂၃လုံး ရောက်ရှိတပ်ဆင်ပြီးဖြစ်သည့် Forgi စစ်ဆေးကြသည်။

ဆက်လက်၍ Foundary Shop အလု သူများက Foundary Shop အလုပ်ရုံ တည် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလ

● **ကျောဖုံးမှ**

အစီအစဉ်အရ အခမ်းအနားတွင် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က အသီးသီး အမှာစကားပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များထဲမှ မော်ကွန်းဝင်(ဒုတိယဆင့်)ရရှိသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သုံးဦး၊ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်အရွယ်ကြီးသူ ၉၉ဦး စုစုပေါင်း ၁၀၂ဦးတို့အား တစ်ဦးလျှင် ကျပ်တစ်သောင်းစီဖြင့် ငွေကျပ် ၁၀သိန်း နှစ်သောင်းကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လည်းကောင်း၊ မသန်စွမ်းစစ်မှုထမ်းဟောင်း ၄၁ဦးနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ၁၀တန်း အောင်မြင်သူ ၆၁ဦး စုစုပေါင်း ၁၀၂ဦးတို့အတွက် ငွေကျပ် ၁၀သိန်းနှစ်သောင်းကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်များအား အသီးသီး ပေးအပ်ကြပြီး ညီလာခံ ပထမပိုင်းကို ခေတ္တရပ်နားသည်။

ဒုတိယပိုင်း

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ဒုတိယပိုင်းကို နံနက် ၉နာရီ မိနစ် ၅၀ တွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြီးမြင့်(ငြိမ်း)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး တင်အုန်း(ငြိမ်း)နှင့် ဗိုလ်မှူးမျိုးဝင်း(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) သို့ တင်သွင်းသည့် အစီရင်ခံစာကို အပိုင်း သုံးပိုင်းခွဲကာ ကိုယ်စားလှယ် သုံးဦးက တင်ပြကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်ဖြစ်သော အမျိုးသားနိုင်ငံရေးကဏ္ဍ၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍတို့ကို ကိုယ်စားလှယ် ငါးဦးတို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

အတည်ပြု

ထို့နောက် သဘာပတိက ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင် နာယက၏မှာကြားချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ် ငါးရပ်ကိုလည်းကောင်း၊ အခမ်းအနားမှူးက အကြိုညီလာခံ၏ ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်း ငါးရပ်တို့ကို လည်းကောင်း ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်ကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ ကြွေးကြော်သံများဖြင့် အကြိုညီလာခံကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လု
သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆော

ရန်ကုန် ဇွန်

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့မော်တော ဦးစိုးသိမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၃ရက် မွန်းလွဲပိုင်းတွင် ပဲခူး ထုတ်လုပ်မှုလုပ်ငန်း၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း(သာဂ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသန်းအေးက စက်ရု ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်မည့်အခြေအနေတို့ကိုလည်းကောင်း၊ စီမံကိန်းညွှ ဖြည့်တင်းထားရှိမှုနှင့် သိုလှောင်ထားရှိမှုတို့ကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှ စီမံကိန်းနယ်မြေအတွင်း ကျွန်းပင်နှင့် အခြားသစ်ပင်များ စိုက်ပျိုးထားရှိမှုကိုလ အကြံပေးအရာရှိ ဦးသန်းထွဋ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုကျွမ်းကျင်သူ ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက စက်ရုံအဆောက်အအုံများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများကိုသိုလှောင် ရုံအတွင်း စနစ်တကျ ထားရှိသုံးစွဲရေး၊ ကျွန်းပင်များကို အကွက်ချ စိုက် ရှိရှိ သည်

အောင်မြင်စွာလည်ပတ်ရေး
ပ်ရေး လုပ်ငန်းစဉ်များမှာကြား

တ်ကိုယ့်ခြေ
င်နန်းများကို

တိုးတက်ဖွံ့ဖြိုးအောင်၊ အဆင့်အတန်းရှိပြီး ပြည်တွင်း၊ပြည်ပ ဈေးကွက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်မိအောင် ကြိုးစားအားထုတ်စေလိုကြောင်း။

နိုင်ငံတော်၏စေတနာဖြင့် မတည်ကူညီမှု၊ စောင့်ရှောက်မှုများကို အပြည့်အဝအသုံးချ၍ တက်တက်ကြွကြွ အားထုတ်လုံးပန်းကြရန် အရေးကြီးကြောင်း။

ရင်းနှီးမြှုပ်နှံ

ငွေကြေးအရင်းအနှီးရှိသူများအနေဖြင့် ကုန်ထုတ်လုပ်ငန်းအသီးသီး၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာမှသာ စီးပွားရေးလုပ်ငန်းများသည် ပုံမှန် အခြေခိုင်မာစွာဖြင့် လည်ပတ်နိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Machine Shop အလုပ်ရုံ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ အလုပ်ရုံ၌ စက်ခုတ်စားစက်အမျိုးမျိုး တပ်ဆင်ပြီးစီးမှုနှင့် စက်အလိုက် စမ်းသပ်ခုတ်စားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

တပ်ဆင်ပြီး

Machine Shop အလုပ်ရုံ၌ စက်ခုတ်စား စက်အလုံး ၃၀ တပ်ဆင်ရန်ရှိသည့်အနက် ၂၁လုံး တပ်ဆင်ပြီးဖြစ်သည်။

ဆက်လက်၍ Ware House အလုပ်ရုံ တည်ဆောက်ပြီးစီးမှုနှင့် အလုပ်ရုံအလိုက် စုဆောင်းထားသည့် စက်ပစ္စည်းများကို Ware House အလုပ်ရုံ၌ စနစ်တကျ ခွဲဝေချထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ပစ္စည်း ၂၇လုံး တပ်ဆင်ရမည့်အနက် စက်ပစ္စည်း ၂၃လုံး ရောက်ရှိတပ်ဆင်ပြီးဖြစ်သည့် Forging Shop အလုပ်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Foundary Shop အလုပ်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက Foundary Shop အလုပ်ရုံ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ထပ်မံတွေ့ဆုံပြီး ခေတ်မီသံရည်ကျိုစက်ရုံ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ရေး၊ ဈေးကွက်တောင်းဆိုသည့် စက်ပစ္စည်းများ ထုတ်လုပ်ရေးတို့အတွက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားသည်။

ဆက်လက်၍ စက်မှုလက်မှုလုပ်ငန်းရှင်များက အေးသာယာစက်မှုဇုန်မှ မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ ထုတ်လုပ်မှုအခြေအနေများ ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို တင်ပြကြသည်။

ထို့နောက် အေးသာယာစက်မှုဇုန် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များက စက်မှုလက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို တင်ပြကြပြီး စက်မှုဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ထုတ် တောင်ပေါ်သား စပါးခြွေလှေ့စက်၊ တောင်ပေါ်ကျွဲလက်တွန်းထွန်စက်၊ တောင်ပေါ်သူစပါးရိတ်စက်၊ သစ်ဆိမ့်သီး အဆန်ထုတ်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မော်တော်ယာဉ်အပိုပစ္စည်းအမျိုးမျိုး ထုတ်လုပ်ထားမှုများ၊ မော်တော်ယာဉ် "မို"များ၊ မော်တော်ယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ကြီးတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(အေးသာယာ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဓာတ်မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းရှင်များအား တွေ့ဆုံနှုတ်ဆက်အားပေးပြီး လိုအပ်သည်များကို ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် အစိုးရနည်းပညာကောလိပ်(အေးသာယာ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးက အစိုးရနည်းပညာကောလိပ် (အေးသာယာ)၏ ပညာသင်ကြားမှုဆိုင်ရာများ၊ B.E၊ B.Tech နှင့် AGTI အဆင့် အင်ဂျင်နီယာများ မွေးထုတ်နိုင်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အစိုးရနည်းပညာကောလိပ်(အေးသာယာ)၌ ပင်မသုံးထပ် တိုးချဲ့စာသင်ဆောင် ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်မသုံးထပ်တိုးချဲ့စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ရေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁ ရက် နံနက် ၉နာရီက လမိုင်းမြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ ရေးဦးစွာ မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လမိုင်းမြို့နယ်ခန်းမ ဆောက်လုပ်ရန်အတွက် ငွေကျပ်၁၀သိန်းကိုထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် လမိုင်းမြို့သမိုင်းဝင် ကျိုက်ကေလာသစေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေးမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းမှာကြားပြီး ရေးမြို့ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

း ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း(သာဂရ)
အတွင်း ပြီးစီးအောင် တည်ဆောက်ရေး ဝန်ကြီး ဗိုလ်ချုပ်စောလွင် မှာကြား

ရန်ကုန် ဇွန် ၅

**ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး
သူများ လိုက်ပါလျက် ဇွန် ၃ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်
ာက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း(သာဂရ)သို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့်
လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသန်းအေးက စက်ရုံအဆောက်အအုံများနှင့် အုပ်ချုပ်မှုအဆောက်အအုံများ တည်ဆောက်
ည်ဆောက်မည့်အခြေအနေတို့ကိုလည်းကောင်း၊ စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းက စီမံကိန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ
လှောင်ထားရှိမှုတို့ကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသွင်မြင့်မောင်က
ကျွန်းပင်နှင့် အခြားသစ်ပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန
ထွဋ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုကျွမ်းကျင်သူများရောက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကိုလည်းကောင်း အသီးသီး**

တက်အအုံ
လအတွင်း
တက်ရေး၊

ဆောက်လုပ်ရေးပစ္စည်းများကိုသိုလှောင်ရုံအတွင်း စနစ်တကျ ထားရှိသုံးစွဲရေး၊ ကျွန်းပင်များကို အကွက်ချစိုက်ပျိုးရေးနှင့် ကျွန်းပျိုးပင်များ ရရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် စက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း မြေပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ရုံအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် စီမံကိန်းနယ်မြေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသန်းအေးနှင့် စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်ရုံလမ်းများကို မိုးမကျမီဖောက်လုပ်ပြီးစီးရေး၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အချိန်ဇယားနှင့်အညီ ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စက်သုံးဆီများကို အလေအလွင့်မဖြစ်စေရန် သုံးစွဲရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့

ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၃၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၈၈၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၀၅ (တနင်္လာနေ့)
(၁၃၆၇ခုနှစ်၊ ကဆုန်လကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ နတ်သားတောရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၅:၃၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၄၅ ၉။ မြန်မာစာ၊ မြန်မာစကား
၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၁၀ ၁၁။ Discovery.
၆:၁၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း–၉၉)**
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ တေးဂီတအစီအစဉ်
၇:၂၀ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၇:၃၅ ၁၇။ တေးဂီတအစီအစဉ်
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမန်ဆောင်း၏ ချစ်သံစဉ်"(အပိုင်း–၂၃)**
၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဟိုမိန်းအထက တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့် ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေး

ရန်ကုန်   ဇွန်   ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ ရက် နံနက်ပိုင်းက လင်းခေးခရိုင် ဟိုမိန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် စာသင်ဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြည်ငြိမ်းအေးစေတီဖူးမြော်

ယင်းနောက် တိုင်းမှူးသည် ဟိုမိန်းမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ပြည်ငြိမ်းအေး စေတီတော်သို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ဟိုမိန်းမြို့နယ် ရပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဟိုမိန်းမြို့ ပြည်ထောင်စု ခန်းမတွင် ဟိုမိန်းမြို့နယ်မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး ဟိုမိန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ငွေကျပ်တစ်သိန်းစီနှင့် မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဒေသဖွံ့ဖြိုးရေးမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းပန်မြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းမှူးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်က စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ကျိုင်းတောင်းမြို့

ယင်းနောက် တိုင်းမှူးသည် ကျိုင်းတောင်းမြို့ မြို့နယ်ရုံးအစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြစီမံကိန်း (၂)ရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်၌ ဖခင် ဦးထွေး၊ မိခင် ဒေါ်အမာအား ရည်စူး၍ သိန်းသန်း ပလတ်စတစ် မိသားစုများက သိဒ္ဓိမာန်အောင်မုနိဗုဒ္ဓရုပ်ပွားတော်၊ ပလ္လင်တော်၊ တံကဲနှင့် တန်ဆောင်းတော်များ ကျပ်သုံးသိန်းတစ်သောင်း ဆောက်လုပ်လှူဒါန်းရာ အလှူရှင်များအား အနုမောဒနာဂုဏ်ပြုလွှာ ပေးအပ်ပွဲကို ဇွန် ၅ ရက်က ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ဇရော)က အလှူရှင်မိသားစုအား အနုမောဒနာဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (၅၀၆)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန်   ဇွန်   ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါဝင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ယနေ့ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျင်ဂျွန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်း၊ ထုတ်လုပ်ရေးဌာန ဌာနမှူး ဦးကျော်ဝင်းနှင့် အခွန်ဌာန ဌာနခွဲမှူး ဦးဝင်းလှိုင်ထွန်းတို့ လိုက်ပါသွားသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဟောပြော

ရန်ကုန်   ဇွန်   ၅

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ကြီးမှူး၍ “ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့” အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၄ရက် နံနက် ၁၁နာရီက မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးအက်စ်ကျော်လှက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးလိပ်ကင်းဝေးရေးစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ညိုညိုကြိုင်က Health Professionals against Tobacco ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းအထူးကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမော်က Oral Health on Tobacco ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အမှုဆောင်အဖွဲ့ဝင်များနှင့် အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်ကြသည်။ (ကြေးမုံ)

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗိုလ်ဥတ္တမလမ်း အမှတ်(၁၄)နေ ကွယ်လွန်သူ ဒေါ်သန်းနှင့် မြေး မောင်ရဲဝင်းအောင်တို့အား ရည်စူး၍ ဦးဝင်းနှင့် သမီးများက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်

ရန်ကုန်   ဇွန်   ၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက်တွင် မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး၊ တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းက တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းက ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်နှစ် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့အား ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်သည်။ (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန်   ဇွန်   ၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းနှင့် တပ်မတော်ကြည်း(က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘောဇအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။ (သတင်းစဉ်)

လုပ်ငန်းခွင်မပျက် နည်းပြအရာရှိ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၅

လုပ်ငန်းခွင်မပျက် နည်းပြအရာရှိ သင်တန်းအမှတ်စဉ်(၂/၂၀၀၅) ဆင်းပွဲကို ဇွန် ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ခင်မောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြချုပ်၊ ဌာနမှူး၊ ဌာနခွဲမှူးများ၊ နည်းပြအရာရှိများနှင့် သင်တန်းသား အရာရှိများ တက်ရောက်ကြပြီး သင်တန်းတွင် အကောင်းဆုံး ကျောင်းသား ဆုရရှိသော ရဲအုပ် တင်အောင်ကျော်အား ကျောင်းအုပ်ကြီးက ဆုဖလားချီးမြှင့်ကာ သင်တန်းသား တစ်ဦးချင်းအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းကို ဗဟိုလေ့ကျင့်ရေးဌာနရှိ နည်းပြအရာရှိများ သင်ကြားမှုစွမ်းရည်မြင့်မားရေးအတွက် လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၃၄ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ဖြစ်သည်။ (သတင်းစဉ်)

ရွှေမြန်မာဂျာနယ်ထုတ်ဝေ

ရန်ကုန် ဇွန် ၅

သတင်းစုံလင်စွာနှင့် သုတရသ စာပေ စုံလင်စွာ ဖော်ပြပါရှိသော ရွှေမြန်မာဂျာနယ် အတွဲ(၁)၊ အမှတ်(၁)အား ယနေ့ စတင်ထုတ်ဝေဖြန့်ချိသည်။

ရွှေမြန်မာဂျာနယ်တွင် နိုင်ငံတကာသတင်းများ၊ ပြည်တွင်းသတင်းများ၊ အင်တာဗျူးများ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ အုပ်ချုပ်မှုပညာဆိုင်ရာ ဆောင်းပါးများ၊ ပြည်တွင်း၊ ပြည်ပ အနုပညာသတင်းများနှင့် ဆောင်းပါးများ စုံလင်စွာ ဖော်ပြပါရှိပြီး ဆက်သွယ်ဆောင်ရွက်လိုပါက အမှတ် (၄/ဃ) မြေညီထပ် မြေနီကုန်းပလာဇာ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၅၀၀၈၇၄သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

ကျန်စစ်မင်းဇာတ်ကား ဆက်လက်ပြသ ချစ်ခြင်းငယ်ပြိုင် နောက်တစ်ပတ်ရုံတင်မည်

ရုပ်ရှင်

ရန်ကုန် ဇွန် ၅

မြို့လယ်ရုံများတွင် ပြသဆဲမြန်မာ့ရုပ်ရှင်ဇာတ်ကား ကျန်စစ်မင်း ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

ဇေရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းလှိုင်(ဘီအေ)၏ ဇာတ်လမ်းကို မြင့်ဦးဦးမြင့်နှင့် မြမြင့်မိုရ်တို့ ဇာတ်ညွှန်းရေးသားပြီး သရုပ်ဆောင်မင်းသားလူမင်းကိုယ်တိုင် ဒါရိုက်တာနှင့် သရုပ်ဆောင်မင်းသားအဖြစ်ပါ တွဲဖက်ရိုက်ကူးထားသည့် သမိုင်းနောက်ခံပြု ပုဂံသူရဲကောင်းကျန်စစ်သား၏ ဇာတ်လမ်းဖြစ်သည်။

ပြည်ပနိုင်ငံများတွင် ပဏာမ အထူးပွဲများပြသခဲ့ပြီး ပရိသတ်၏ လက်ခံမှုရရှိကာ မြန်မာနိုင်ငံရှိ ရုပ်ရှင်ရုံများတွင် ဆက်လက် တင်ဆက်ပြသသည့် ဇာတ်ကားဖြစ်သည်။ မြို့လယ် အဆင့်မြင့် ရုပ်ရှင်ရုံများဖြစ်သော သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံ တစ်ပြိုင်နက်တင်ဆက်ပြသနေပြီး ပရိသတ်အားပေးမှု ရရှိနေဆဲဖြစ်သည်။ အသံနှင့်အရုပ်ပါ ကြည်လင်ပြတ်သားစွာ ရှုစားရမည့် ကားကောင်းတစ်ကားလည်းဖြစ်သည်။

အကယ်ဒမီပြုံးချိုကြီး

ရဲကျော်သူ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ကိုမြတ်စိုးရဲကျော်သူ စီစဉ်ထုတ်လုပ်ပြီး ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်တို့ ဇာတ်ညွှန်းရေးသားရိုက်ကူးသည့် **အကယ်ဒမီပြုံးချိုကြီး** ဇာတ်ကားမှာ ပရိသတ်အားပေးမှု အရှိန်အဟုန်မြင့်ဆဲမှာပင် မြို့လယ်ရုံများ ရုံရက်ပြည့်နေ၍ ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ပြောင်းလဲပြသနေဆဲဖြစ်သည်။ အကယ်ဒမီ ပြုံးချိုကြီး ဇာတ်ကားတွင် ဟာသသရုပ်ဆောင် မိုးဒီ၊ မော့စ်နှင့် မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်၊ ကလေးသရုပ်ဆောင် ဆုမေတို့ ပါဝင်ကြသည်။

ချစ်ခြင်းငယ်ပြိုင်

လာမည့် ဇွန် ၁၇ရက် သောကြာနေ့တွင် မြသရဖူရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီကိုကိုလေး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာကြည်စိုးထွန်း၊ တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ ရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ခေါင်းဆောင်ပါဝင်ထားကြသည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားမှ ရွှေသွေးနှင့် စိုးမြတ်နန္ဒာ။

နေပြည်တော်ရုံတွင် ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် သရုပ်ဆောင် Stephen Chaw ရေးသားရိုက်ကူးသရုပ်ဆောင်သည့် ကွန်ဖူးပညာအသားပေး Kung Fu Hustle ဇာတ်ကား ဆက်လက်ပြသနေသည်။

ရှေ့ဆောင်ရုံတွင်လည်း မြွေကြီးတစ်ကောင်ကို အခြေခံရိုက်ကူးထားသည့် ANACONDAS ဇာတ်ကား ဆက်လက်ပြသနေသည်။

နဝဒေးရုံ

နဝဒေးရုပ်ရှင် ဥယျာဉ်တွင်**အဆုံးအစ** အဆင့်မြင့်မြန်မာဗီဒီယို ဇာတ်ကားဆက်လက်ပြသနေသည်။ ထိုဇာတ်ကားကို လပ်ကီးဆဲဗင်း ဗီဒီယိုထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဝေမှိုင်းညိုကတာဝန်ယူရေးသားရိုက်ကူးကာ တွဲဖက်ဒါရိုက်တာအဖြစ် တာတီးက ပါဝင်ပံ့ပိုးထားသည်။ နေအောင်၊ ဒွေး၊ နေထက်လင်း၊ နန္ဒ၊ ဗျိုက်၊ သားညီ၊ သူထူးစံ၊ မိုးသောက်ထွန်း၊ သီတာချမ်းမြေ့၊ ခွန်းဆင့်နေခြည်၊ မွန်းနှင့် အိန္ဒြေဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ရွှေကြက်ဖရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားများ

၂၀၀၅ခုနှစ် Chinese Film Festival တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေကြက်ဖ ရုပ်ရှင်ထူးချွန်ဆုဇာတ်ကားများဖြစ်သည့် Cell Phone, Together with you, Pretty Big Feet နှင့် Warriors of Heaven and Earth ဇာတ်ကားများ ဇွန် ၉ရက်မှ ၁၂ရက်အထိ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံတွင် တစ်ရက်တစ်ကားနှုန်း ပြသသွားမည်ဖြစ်သည်။ (ကြေးမုံ)

ပြည်ပရှိ မြန်မာရုပ်ရှင်ကြည့် ပရိသတ်များက သရုပ်ဆောင် လူမင်းအား ရင်းရင်းနှီးနှီး ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်း သုံးယောက်တွဲ (Regu) ပြိုင်ပွဲ ဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၅

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှအကြို ဖိတ်ခေါ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်းသည် အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်(ခ)အသင်းတို့နှင့် ယှဉ်ပြိုင်ကြရာ မြန်မာအမျိုးသားအသင်းက သုံးယောက်တွဲ (Regu)ပြိုင်ပွဲတွင် မလေးရှားကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်(ခ)တို့ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရပြီး အုပ်စုပထမရရှိသည်။

အကြိုဗိုလ်လုပွဲတွင် ဂျပန်ကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိ၍ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး မလေးရှားနှင့် ယှဉ်ပြိုင်ဗိုလ်လုရမည်ဖြစ်သည်။

အမျိုးသားနှစ်ယောက်တွဲ (Double)ပြိုင်ပွဲတွင် မြန်မာက ဗီယက်နမ်နှင့် ဖိလစ်ပိုင်(ခ)တို့ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မလေးရှားကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိပြီး နှစ်ယောက်တွဲ (Double) အကြိုဗိုလ်လုပွဲကို ဂျပန်နှင့် ဇွန် ၆ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သုံးယောက်တွဲ (Regu)နှင့် နှစ်ယောက်တွဲ (Double)ဗိုလ်လုပွဲများကို ဇွန် ၇ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

အာရှ-ဥရောပ လူငယ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ မြန်မာလူငယ်နှင့်ထိုင်းလူငယ်တို့ ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၅

ပထမအကြိမ် အာရှ-ဥရောပ အသက်(၁၈)နှစ်နှင့်အောက် လူငယ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ဇွန် ၆ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ကိုရီးယားသမ္မတနိုင်ငံ လူငယ်အသင်းနှင့် ဆလိုဗက်ကီးယား လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မင်းခေါင်ဘုရားလမ်း အမှတ်(၃၁)နေ ဒေါ်သန်းဆွေ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဆောက်ရွက်

ရန်ကုန် ဇွန် ၅

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့ ပထမလမ်းမတော် လမ်းသွယ်(၁) မြေသားလမ်းအရှည် ၆၃၅ပေ အကျယ် ၁၂ပေ ကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းနှင့် မြို့မ(၄)ရပ် လင်းဇင်းနယ်မြေရှိ ယုဇန မြေသားလမ်း အရှည်ပေ ၂၂၀ အကျယ် ၁၂ ပေ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်နေခြင်းများကို အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ မေ ၃၁ရက်တွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လမ်းအရှည်အသွေးကောင်းမွန်စေရေးအတွက် စနစ်တကျဆောင်ရွက်ရန် ကြီးကြပ်မှာကြားခဲ့သည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲများယှဉ်ပြိုင် ယူကရိန်းနှင့်ပေါ်တူဂီတို့ အနိုင်ရရှိ

ကီယက်ဗ် ဇွန် ၅

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ဥရောပဇုန် ခြေစစ်ပွဲအဖြစ် ယူကရိန်းနှင့် ကာဇက်စတန်တို့ စနေနေ့က ကီယက်ဗ်မြို့တွင် ယှဉ်ပြိုင်ကစားရာ ယူကရိန်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၁၈မိနစ်တွင် ယူကရိန်းအသင်းအတွက် အဖွင့်ဂိုးကို အေစီမီလန်အသင်းမှ ဂိုးသွင်းကောင်းသူ အင်ဒရေ ရှက်ဗ်ချင်ကိုက သွင်းယူနိုင်ခဲ့သည်။ ကာဇက်စတန်အသင်းမှ နောက်တန်း ကစားသမား အီဂေါအက်ဗ်ဒေးယက်ဗ်သည် ပွဲပြီးရန် ခုနစ်မိနစ်အလိုတွင် ၎င်းအသင်းမှ ဂိုးသမား၏ အနေအထားအပေါ် ဆုံးဖြတ်ချက်လွဲမှားကာ ရပ်စ်လန်ရိုတန် ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ၎င်းထံပြန်ပို့ပေးရန် ကြိုးပမ်းရာမှ မိမိဂိုး မိမိသွင်းခဲ့မိရာ ယူကရိန်းအသင်းမှာ ဒုတိယမြောက်တစ်ဂိုး ရရှိခဲ့သည်။

ဂိုးသွင်း

လွန်ခဲ့သည့် သီတင်းပတ်က ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သည့် အေစီမီလန်အသင်းမှ ရှက်ဗ်ချင်ကိုသည် ယခုပွဲတွင် ခြေစွမ်းပြကစားသွားနိုင်သည်။ ရှက်ဗ်ချင်ကိုသည် ဖရီးကစ် ကန်သွင်းချက်ကို ကာဇက်စတန် နောက်တန်းက ရှင်းထုတ်နိုင်ခြင်း မရှိချိန်တွင် ငါးမီတာအကွာမှနေ၍ ဂိုးသွင်းနိုင်ခဲ့သည်။

ယူကရိန်းအသင်းသည် ယခုအခါ ဥရောပဇုန် အုပ်စု(၂)တွင် ပွဲရှစ်ပွဲကစားခြင်းမှ အမှတ်၂၀ ရရှိထားပြီဖြစ်သည်။ ယူကရိန်းအသင်းသည် ခြေစစ်ပွဲများကစားခဲ့ရာတွင် မည်သည့်ပွဲတွင်မျှ ရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ ခြောက်ပွဲနိုင်၊ နှစ်ပွဲ သရေကျခဲ့သည်။ အုပ်စု(၂)တွင် အမှတ်အများဆုံး ရရှိထားသော ယူကရိန်းအသင်းသည် အုပ်စုတွင် ဒုတိယနေရာ၌ ရှိနေသော ဂရိအသင်းထက် ငါးမှတ်အသာ ရရှိထားသည်။

ပေါ်တူဂီ-ဆလိုဗက်ကီးယား

ဥရောပဇုန် ခြေစစ်ပွဲ၏ အခြားပွဲတစ်ပွဲဖြစ်သော ပေါ်တူဂီနှင့် ဆလိုဗက်ကီးယားတို့၏ပွဲတွင် ပေါ်တူဂီ အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပေါ်တူဂီနိုင်ငံလစ္စဘွန်းမြို့ရှိလာလူးဇ်အားကစားရုံတွင် ကျင်းပသည့် ယင်းပွဲ၏ ထူးခြားချက် တစ်ရပ်မှာ ရီးယဲမက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား လူးဝစ်ဖီဂိုက ပေါ်တူဂီအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခြင်းဖြစ်သည်။

ဘရာဇီးလူမျိုး လူးဝစ်ဖဲလစ် စကော်လာရီက နည်းပြအဖြစ် တာဝန်ယူသော ပေါ်တူဂီအသင်းသည် ပွဲချိန် ၂၁ မိနစ်တွင် ပထမဂိုးကို ရရှိခဲ့သည်။ ဖီဂို ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ဖာနန်ဒိုမေရာ ရရှိပြီးနောက် ဂိုးသွင်းနိုင်ခဲ့သည်။ ဖီဂိုသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့် အများအပြားရရှိခဲ့သူဖြစ်သည်။

ဒုတိယဂိုး

ပေါ်တူဂီအသင်းအတွက် ဒုတိယမြောက်ဂိုးကို မန်ချက်စတာယူနိုက်တက်အသင်း၏ တိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်လ်ဒိုက ပွဲကြည့်ပရိသတ် ၆၅၀၀၀ ရှေ့မှောက်တွင် သွင်းယူခဲ့သည်။

လူးဝစ်ဖီဂိုသည် ပွဲပေါင်း ၁၁၁ပွဲ ကစားခဲ့သည့် နိုင်ငံတကာ ဘောလုံးသမားတစ်ဦးဖြစ်ပြီး ယူရို-၂၀၀၄ ဗိုလ်လုပွဲတွင် ဂရိအသင်းကို ရှုံးနိမ့်ခဲ့ပြီးချိန်နောက်ပိုင်း အမျိုးသားဘောလုံးအသင်းအတွက် ကစားခြင်းမရှိခဲ့ပေ။

ပေါ်တူဂီအသင်းသည် ခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် ငါးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ယခုအချိန်အထိ ၁၇မှတ်ရရှိကာ အုပ်စုတွင် ဦးဆောင်လျက်ရှိပြီး ဆလိုဗက်ကီးယားအသင်းမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၄မှတ်ရရှိကာ အုပ်စုအတွင်း ဒုတိယနေရာ၌ ရှိနေသည်။ **ဆင်ဟွာ။**

ဘောလုံးယှဉ်လု

ဇွန် ၄ရက်က လစ္စဘွန်းမြို့တွင် ကစားသော ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် ပေါ်တူဂီအသင်းမှ လူးဝစ်ဖီဂို (ယာ)နှင့် ဆလိုဗက်ကီးယားအသင်းမှ ဆလိုဗက်ဆမ်မြူယယ်တို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၅

မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်းကျင်းပသည့် ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် ကောင်စီဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အဖြစ် ကျင်းပသော စာစီစာကုံး၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာများကို ကြည့်ရှုအားပေးသည်။

ညနေ ၄ နာရီတွင် တိုင်းမှူးသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တအဂ္ဂိယအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် မစိုးရိမ် ကျောင်းတိုက် မဟာနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဝိနယနယပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တပညာသာမိဘိဝံသ အား လည်းကောင်း၊ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ အားလည်းကောင်း၊ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ (သုဓမ္မာ)အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ အားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၅

၂၀၀၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ဇွန် ၃ ရက် မွန်းလွဲ၂နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက အမှာစကားပြောကြားပြီး ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားပြီး လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အဖြစ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၁ရက်တွင် လည်းကောင်း၊ ပိုစတာ ပြိုင်ပွဲကို ဇွန် ၁၂ ရက်တွင် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဖိတ်ခေါ်ပြိုင်ပွဲအဖြစ် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၅

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းမြို့ဟောင်းရှိ အေဒီ(၁၁)ရာစု အနော်ရထာမင်းတရားကြီး၏ ကောင်းမှုတော် ရှေးဟောင်းလေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ သဘာဝရာသီဥတုဒဏ် အမျိုးမျိုးတို့ကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာနက စေတနာရှင်၊ ကုသိုလ်ရှင်တို့၏ ပါဝင်လှူဒါန်းငွေများဖြင့် အသစ်ပြန်လည် တည်ဆောက်လျက်ရှိသည်။

ကျင်းပ

ဘုရားကြီး၏ မူလဌာပနာတော် သွင်းလှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁၄ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ ပန်းလည်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ၂၀၀၅ခုနှစ် မေ ၂၂ရက်(တနင်္ဂနွေနေ့) မင်္ဂလာအချိန်တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ပါဝင်လှူဒါန်းနိုင်

ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြုပြင်မွမ်းမံရာတွင် လေးမျက်နှာမုခ်ဦးတစ်ခုလျှင် ကျပ်သိန်း ၁၂၀ နှုန်းဖြင့် မုခ်ဦးသုံးခု၊ အရံစေတီတစ်ဆူလျှင် ငွေကျပ် ၁၅၀၂၅၅၀ နှုန်းဖြင့် အရံစေတီသုံးဆူနှင့် ကလာသာအိုးတစ်အိုးလျှင် ငွေကျပ် ၄၁၂၅၅၀နှုန်းဖြင့် ကလာသာအိုးလေးလုံးအတွက် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကုသိုလ်ယူ လှူဒါန်းလိုသူများသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဖုန်း–၅၄၃၂၃၅၊ ၅၄၃၂၃၃၊ ၅၄၁၇၆၇၊ ရှေးဟောင်းသုတေသနဦးစီးဌာန(ရုံးချုပ်) ဖုန်း–၅၁၂၁၃၉၊ ၅၁၂၁၄၀ နှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဒေသဌာန(မန္တလေးဌာနခွဲ) ဖုန်း–၀၂–၃၆၃၆၅၊ ၀၂–၃၉၁၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၅

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အစီအစဉ်အရ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်လွင်က လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေး

ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ပြည်နယ်/တိုင်းဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက တက္ကသိုလ်ဆိုင်ရာ ကိစ္စများကို လည်းကောင်း တင်ပြကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က ဆွေးနွေး၍ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အရ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက မွေးမြူရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကိုဆွေးနွေးပြီး အထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေက မွေးမြူထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထို့နောက် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အထက်မြန်မာပြည် မွေးမြူရေးခြံများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဒုတိယအထွေထွေမန်နေဂျာဦးမျိုးသက်ရွှေက လည်းကောင်း၊ အောက်မြန်မာပြည် မွေးမြူရေးခြံများ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာ ဇော်မြင့်က လည်းကောင်း၊ တိရစ္ဆာန်အစာ ထုတ်လုပ်မှုအခြေအနေကို ဒုတိယအထွေထွေမန်နေဂျာ ဦးမြလွင်က လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဒုတိယအထွေထွေမန်နေဂျာဦးလှမြင့်က လည်းကောင်း ရှင်းလင်း တင်ပြကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) ရောဂါဖြစ်ပွားကူးစက်ပုံ

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါ ဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ သလိပ်၊ တံတွေးမှ တစ်ဆင့် ရောဂါပိုးများ လေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေး လူတိုင်းတွင်ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင် အများဆုံးဖြစ်ပွားပြီး ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရ ချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) ရောဂါလက္ခဏာများ

- ရက်ရှည်ချောင်းဆိုးခြင်း [ရက်သတ္တပတ်(၃)ပတ်နှင့်အထက်]။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင်သွေးပါခြင်း။
- အဖျားတာရှည်ခြင်း။
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း။
- ကျော၊ ရင်အောင့်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း

- ရင်သွေးငယ်များအား ကာကွယ်ဆေး (ဘီစီဂျီ)ကို မပျက်မကွက် ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါကိုအသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ကုသမှုခံယူခြင်း

- "တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါ သံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၅

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာအတွက် တိုးတက်ထုတ်လုပ်ရေး၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး၊ မသမာမှု၊ မရိုးသားမှုများ ပပျောက်စေရေး၊ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များ မှန်ကန်မှုရှိစေရေး၊ ငွေကြေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာသုံးစွဲရေး၊ ဝန်ထမ်းများ ခါးဆက်မပြတ်စေရေးအတွက် ချိတ်ဆက်လေ့လာ လေ့ကျင့်မှုများနှင့် ပျိုးထောင်လေကျင့်မှုများ ပြုလုပ်ဆောင်ရွက်သွားရေး၊ သက်ဆိုင်ရာဘာသာရပ်နှင့်ဘာသာစကားကျွမ်းကျင်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ယခုမိုးတွင်းကာလ၌ ဦးစားပေးကျွန်းပင်များနှင့် သီးပင်၊ စားပင်၊ ပန်းမန်များ စိုက်ပျိုးသွားရေး၊ တာဝန်ရှိသူအသီးသီးတို့ကလည်း အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲရေး စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်နှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းတို့က သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍများအလိုက် ယခင်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးနှင့် စွမ်းအင် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်တို့က သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအသီးသီးအပေါ် သုံးသပ်ဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

စွမ်းအင် ဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက် အမှာစကားပြောကြားစဉ်။

(စွမ်းအင်)

၂၀၀၄-၂၀၀၅ ခုနှစ် ရှုံး၊ ထွက် ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ် ရှုံး၊ ထွက်ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲတွင် ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။

(သတင်းစဉ်)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ တည်ထောင်မှုနှင့် တောင်တန်းများစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

ရန်ကုန် ဇွန် ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃ ရက်မှ ၄ ရက်ထိ မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဖြစ်သည့် စိုက်ခင်းများတည်ထောင်မှု၊ တောင်တန်းများ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် တန့်ကြည်တောင် တောင်ခြေရှိ ကြက်ဆူကြီး ငါးဧကစမ်းသပ်စိုက်ခင်းသို့ ရောက်ရှိပြီး ကြက်ဆူကြီးပင်များ ရှင်သန်ကြီးထွားမှု၊ အသီးသီးမှုနှင့် ထပ်မံ မျိုးပွားပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဆိကွဝကျေးရွာရှိ ပျိုးဥယျာဉ်သို့ရောက်ရှိပြီး ယခုမိုးရာသီကာလအတွင်း တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးမည့် သစ်ပင်မျိုးစုံ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် တန့်ကြည်တောင် တောင်တက်လမ်းတစ်လျှောက် ညောင်ပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးထားရှိမှု၊ သဘာဝအပင်များထိန်းသိမ်းမှု၊ စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထားရှိ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောက်မြို့နယ်ရှိ ရွှေပုံတောင် တမာစိုက်ခင်းကုန်းအမှတ်အလိုက် စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၄ ရက်တွင် ပုပ္ပားတောင် ရေဆူစခန်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပုပ္ပားတောင် အုပ်ချုပ်ရေးမှူး ဦးတင်အောင်က ပုပ္ပားတောင် တောင်ပတ်လမ်း ကတ္တရာခင်းရေး ဆောင်ရွက်ထားရှိမှု၊ ပုပ္ပားဒေသတစ်ဝိုက် ငှက်ပျောစိုက်ခင်းများကို နှစ်ရှည်သီးနှံ အစားထိုးစိုက်ပျိုးပြီးစီးမှု၊ စီမံဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းခင်းခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ဒေသခံတောင်သူများအား နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို သိရှိနားလည်အောင် စည်းရုံး၍ ၂၀၀၅-၂၀၀၆ ခုနှစ်၌ ကွက်ပြည့်စိုက်ပျိုးသွားရေး၊ ပုပ္ပားဒေသ၏ ရေဝေရေလဲ ဧရိယာကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် ပုပ္ပားတောင်ပတ်လမ်းရှိ ကြို့ချောင်းစခန်းသို့ရောက်ရှိပြီး လမ်းခင်းကျောက်ခွဲစိတ်မှုနှင့် ကျောက်များ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ချောက်မြို့နယ်ရှိ ရွှေပုံတောင် တမာစိုက်ခင်းအား ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အားကစားသင်တန်းများဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲကို ဇွန် ၄ရက် နံနက် ၉နာရီတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ အားကစားနည်းပြများ၊ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ဝန်ကြီးက မျိုးဆက်သစ် အားကစားသမားလူငယ်လူရွယ်များ စနစ်တကျမွေးမြူလေ့ကျင့်ပျိုးထောင်သွားရေးနှင့် သွေးသစ်လောင်းနိုင်မည့် ထူးချွန်သော မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေး၊ နိုင်ငံတော်နှင့် လူမျိုးအတွက် အားကစားဖြင့် ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေး၊ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်သွားကြရန်၊ နည်းပြများကလည်း ခေတ်မီအားကစားနည်းစနစ်များကို မပြတ်လေ့လာပြီး စနစ်တကျ လေ့ကျင့်ပေးသွားကြရန်၊ ပညာရေးဆိုင်ရာ ဆရာ၊ ဆရာမများကလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း သင်ကြားပေးသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)သို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အရင်းမပျောက် မတည်လှူဒါန်းငွေ ကျပ်သိန်း ၂၀၀၊ အားကစားနည်းပြ ၁၃ ဦးအတွက် ဝတ်စုံစရိတ်ကျပ် ၁၃၀၀၀၀၊ ပညာရေးဆရာ၊ ဆရာမ၁၀ ဦးအတွက် ကျောင်းဝတ်စုံစရိတ်ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လှူဒါန်းသည့် ဘောလုံး အလုံး ၃၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

လှူဒါန်း

ယင်းနောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းကာ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် သင်တန်းသား လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းရှာသစ်ကြီးရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့သွားရောက်ပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ငွေကျပ်လေးသိန်းနှင့် အမေရိကန်ဒေါ်လာ ၇၉၀ တန်ဖိုးရှိ အားကစားပစ္စည်း အမျိုး ၃၀ တို့ကို ဝန်ကြီးက ပေးအပ် လှူဒါန်းရာ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ငွေကြေးအရင်းအနှီးရှိသူများက ကုန်ထုတ်လုပ်ငန်းအသီးသီး၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှ စီးပွားရေးလုပ်ငန်းများ ပုံမှန် အခြေခိုင်မာစွာဖြင့် လည်ပတ်နိုင်မည်

စက်မှုဇုန်ထုတ် မော်တော်ယာဉ်များ ကြည့်ရှုစစ်ဆေး

ဇွန် ၄ ရက်က စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်ငယ် များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ကျင်းပ

ရန်ကုန် ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ဇွန် ၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ဧည့်သည်တော်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၂၀ မှ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၇၅၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ် မှု ထမ်း ဟောင်း အ ဖွဲ့ နာယက၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၅–၆–၂၀၀၅)

မော်လမြိုင်မြို့
၄ ဒသမ ၅၇ လက်မ

ပြင်ဦးလွင်မြို့
၁ ဒသမ ၉၃ လက်မ

ဘားအံမြို့
၁ ဒသမ ၈၂ လက်မ

အမ်းမြို့နှင့်ကော့သောင်မြို့
၁ ဒသမ ၅၄ လက်မ

ရမည်းသင်းမြို့
၁ ဒသမ ၄၁ လက်မ

ထားဝယ်မြို့
၁ ဒသမ ၃၁ လက်မ

လားရှိုးမြို့
၁ ဒသမ ၁၈ လက်မ

မြိတ်မြို့
၁ ဒသမ ၀၂ လက်မ

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* **တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိ ပါဝင်ဆောင်ရွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တက်ကြွစွာ ကြိုးပမ်းဖော်ဆောင်** ခေါင်းကြီး (စာမျက်နှာ–၂)

* **မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်တို့ ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိပါတယ်။ သူတို့ရဲ့ ရောင်စုံဝတ်စုံများ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများဟာ စုပေါင်းညီညာစွာ ပြည်ထောင်စုကြီးကို လှပစေပါတယ်။ ဒီလိုများပြားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ အလှကိုလဲ ဘယ်နိုင်ငံတွင်မျှ တွေ့နိုင်မယ်မဟုတ်ပါ။**
ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)၏ *အလှပန်းများ ဖူးပွင့်ဝေဆာ ပြည်မြန်မာ* ဆောင်းပါး (စာမျက်နှာ–၆)